# သဘောသုညတနိဗ္ဗာန်ရ

သင်္ခါရ ရုပ်နာမ်ဖြစ်ပျက် ဆိတ်သုဉ်းနေတဲ့သဘောသည် “နိဗ္ဗာန်”။
နိဗ္ဗာန်ဆိုတာသည် ဘာလဲလို့ မေး။ “ပရမတ်သုညတ”။
ပရမတ်သုညတသည် ဘာလဲ။ “သန္တိသုခ”။
သန္တိသုခသည် “အမြဲ ငြိမ်းအေးချမ်းသာတဲ့သဘော”။

- ပရမတ်သုညတဖြစ်တဲ့ နိဗ္ဗာန်ကို
  ရချင် ရောက်ချင် သွားချင်ရင် ဘာနဲ့ သွားမလဲ...။
  ခေါင်း ခါး ကိုယ် ခြေ လက် ဟောဒီအကောင်အထည်ကြီးနဲ့
  ပုံသဏ္ဌာန် နိမိတ် ပညတ်နဲ့ နိဗ္ဗာန်ကို သွားလို့ရမလား။
  နိဗ္ဗာန်မှာ လက်ခံဖို့နေရာ မရှိ။ နိဗ္ဗာန်ကို ဘာနဲ့ သွားမလဲဆိုရင် မဂ္ဂင်ရှစ်ပါးနဲ့ သွားမယ်။
- ယောဂီတွေက ချုပ်တယ်၊ ချုပ်တယ်။ ဘာတွေ ချုပ်မှန်း မသိဘူး။ ချုပ်နေကြတာ ။
  အဲဒီမှာ အရှုခံလည်း မချုပ်ဘူး။ ရှုစိတ်လည်း မချုပ်ဘူး။ ဘာချုပ်လဲ ။
  “အဘိသင်္ခါရဝိညာဏ်” ချုပ်သွားတာ ။
- အဘိသင်္ခါရဝိညာဏ်ဆိုတာ ဘာလဲ။ “စေတနာနဲ့ယှဉ်တဲ့ အကုသိုလ်စိတ် ကုသိုလ်စိတ်”။
  အဲဒီ အဘိသင်္ခါရဝိညာဏ် ချုပ်သွားတာ “သောတာပတ္တိမဂ်”။
- သောတာပတ္တိမဂ်စိတ်ဆိုတာက အဘိသင်္ခါရဝိညာဏ် ချုပ်တယ်လို့ သိပါ။ အရှုခံလည်း
  မချုပ်ဘူး။ ရှုနေတဲ့စိတ်လည်း မချုပ်ပါဘူး။ အရှုခံသင်္ခါရ ရုပ်နာမ်တွေ ချုပ်သွားပြီ။
  ရှုနေတဲ့ သိစိတ်တွေ ချုပ်သွားပြီဆိုရင် ဒါ ဘာချုပ်တာလဲ ... ကိုယ့်စိတ် ကိုယ်စစ် ၊
  “ သဲအင်းယောဂီ ... ကိုယ့်စိတ် ကိုယ်စစ်။ ”



သာသနာတော်နှစ် ၂၅၅၇ – ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ – ခုနှစ်၊
ခရစ်နှစ် ၂၀၁၄ – ခုနှစ်၊ ဖေဖော်ဝါရီလ ၈ – ရက်နေ့တွင်
မလေးရှားနိုင်ငံ ၊ ကွာလာလမ်ပူမြို့၊
ကိုယ့်စိတ်ကိုယ်စစ် သဲအင်းဂူဝိပဿနာ ၉ – ရက်အဓိဋ္ဌာန်တရားစခန်းပွဲ၌

ကျောက်ပန်းတောင်းမြို့ ၊ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏အဓိပတိ
ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ
ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ

ဟောကြားတော်မူအပ်သော

# သဘောသုညတနိဗ္ဗာန်ရ

အလုပ်ပေးတရားတော်

သာသနာတော်နှစ် ၂၅၅၇-ခုနှစ် ၊ ကောဇာသက္ကရာဇ် ၁၃၇၅-ခုနှစ်၊
ခရစ်နှစ် ၂၀၁၄-ခုနှစ် ၊ ဖေဖော်ဝါရီလ ၈-ရက်နေ့တွင်
မလေးရှားနိုင်ငံ ၊ ကွာလာလမ်ပူမြို့၊
ကိုယ့်စိတ်ကိုယ်စစ် သဲအင်းဂူဝိပဿနာ ၉-ရက် အဓိဋ္ဌာန်တရားစခန်းပွဲ၌

ausmuyfyef;awmif;rdYoJ if;*Dyd ó em
urÇef;&ydbmrsm;\ t"dyÜwd
jynfwGif;jynfy omoemjyK r[murÇep&d;
q&mawmfb'EÅr®mrd

ဟောကြားတော်မူအပ်သော

# သဘောသုညတနိဗ္ဗာန်ရ

## အလုပ်ပေးတရားတော်

## ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ် ၊ ဖေဖော်ဝါရီလ ၊ ပထမအကြိမ်

**(ဓမ္မဒါန)**

**အတွင်းစာသားကြီးကြပ်** ♦ မဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဓမ္မသာမိ

**ကွန်ပျူတာစာစီနှင့်ဒီဇိုင်း** ♦ ဓမ္မဗျူဟာ-ဒေါ်ငွေငွေအောင်
ဓမ္မဗျူဟာ-ဒေါ်ဇင်ဝါမြင့်

**ပုံနှိပ်သူနှင့်စာအုပ်ချုပ်** ♦ ဒေါ်လှလှမြင့် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်-၅၄၄၊ အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊
ရန်ကုန်မြို့။

**ထုတ်ဝေသူ** ♦ ဦးကျော်ကျော်ဝေ (၀၀၀၄၇)
ရွှက်စိမ်းစာပေ၊ အမှတ်-၄၃/A ၊
၄-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**ဖြန့်ချိရာဌာန** ♦ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ
ကျောက်ပန်းတောင်းမြို့။
(ဖုန်း- ၀၉-၄၀၂၅၁၉၆၇၈၊
၀၉-၂၀၆၃၉၁၁)


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | **နိဒါန်း** | က |
| * | **ကန်တော့ပန်းလွှာ** | င |
| * | **ဘုရားရှိခိုး** | ၁ |
| | **]oabmonw eAme& tvyay;w&m;awm}** | |
| ၁။ | နေ့စဉ်ကြုံတွေ့နေရတာက ပညတ်အာရုံ | ၃ |
| ၂။ | ပညတ်ကို အာရုံပြုတဲ့စိတ်နဲ့ ပရမတ်ကို အာရုံပြုတဲ့စိတ် တူရဲ့လား | ၅ |
| ၃။ | ကိလေသာဖြစ်တဲ့စိတ်နဲ့ ကိလေသာငြိမ်းတဲ့စိတ် | ၆ |
| ၄။ | သဘောနဲ့ငါနဲ့ ကွဲကွဲပြားပြား သိသွားတာ | ၈ |
| ၅။ | အမှန်မြင် အမှန်သိနေတဲ့ သမ္မာဒိဋ္ဌိဉာဏ် ရမနေဘူးလား | ၉ |
| ၆။ | သဘောရုပ်နာမ်တွေ ဖြစ်ပျက်နေတယ် | ၁၂ |
| ၇။ | ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်ညီမသွားဘူးလား | ၁၄ |
| ၈။ | ဓမ္မဉာဏ်အလင်းတွေ ပွင့်ဖို့က အဓိကပါ | ၁၇ |
| ၉။ | ဓမ္မစွမ်းအားတွေက ပို့ဆောင်သွားတာ | ၁၈ |
| ၁၀။ | ယောနိသော မနသိကာရ-နှလုံးသွင်းရမယ် | ၂၂ |
| ၁၁။ | သေခါနီးဖြစ်လာမယ့် ဆင်းရဲကြီးကို ဘယ်လိုနှလုံးသွင်းမလဲ | ၂၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | သတိ မလိုက်နိုင်တဲ့အခါ ထိနမိဒ္ဓ ဝင်မယ်၊ မဝင်ရင် ဥဒ္ဓစ္စ | ၂၅ |
| ၁၃။ | ပစ္စုပ္ပန် ဝေဒနာကို အသိကပ်နေပါ | ၂၈ |
| ၁၄။ | လွတ်စိတ်ကလေးနဲ့ ထိုင်သွားတာ | ၃၁ |
| ၁၅။ | လွတ်စိတ်နဲ့ မဟာပလ္လင် ၂၄-နာရီထိုင် | ၃၃ |
| ၁၆။ | သင်္ခါရသဘောတွေရဲ့ ဖြစ်ပျက်ကို မြင်လာတယ် | ၃၆ |
| ၁၇။ | နိဗ္ဗာန်ဆိုတာ ပရမတ်သုညတ | ၃၈ |
| ၁၈။ | ပုံသဏ္ဍာန်နိမိတ် ပညတ်နဲ့ နိဗ္ဗာန်ကို သွားလို့မရ | ၄၀ |
| ၁၉။ | မဂ္ဂင် ၈-ပါးနဲ့ နိဗ္ဗာန်သွားရမယ် | ၄၁ |
| ၂၀။ | သဘောနဲ့ သဘောကို သွားပါ | ၄၃ |
| ၂၁။ | သဘောဆိုတာ သုညတ | ၄၄ |
| ၂၂။ | သဘောခန္ဓာကြီးကို ဉာဏ်နဲ့ခွဲမယ် | ၄၇ |
| ၂၃။ | သင်္ခါရပရမတ်သဘောတွေရဲ့ သဘောပျက်ကို မြင်လာတယ် | ၅၂ |
| ၂၄။ | ပေါ်စဲသိ ချုပ်စဲသိ | ၅၄ |
| ၂၅။ | ပညတ်သဏ္ဍာန်နိမိတ်တွေ ဆိတ်သုဉ်းနေတဲ့ သဘော | ၅၆ |
| ၂၆။ | မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့် ရှုပါ | ၅၈ |
| ၂၇။ | ဝမ်းနည်းတယ် ဝမ်းသာတယ်ဆိုတာ ငါရှိလို့ | ၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ယောဂီတို့ကို ကြည့်လိုက်ရင် ဣန္ဒြေလုံသွားပြီ | ၆၃ |
| ၂၉။ | သူ့သဘော သူဆောင်တဲ့ သဘောပျက်ကြီး | ၆၄ |
| ၃၀။ | ရုပ်ကုဋ္ဌေ ငါးထောင်၊ နာမ်ကုဋ္ဌေ တစ်သိန်း | ၆၅ |
| ၃၁။ | သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ် တရားသုံးလုံး | ၆၈ |
| ၃၂။ | သင်္ခါရတရားက သင်္ခါရတရားကို ရှုနေတာ | ၇၀ |
| ၃၃။ | ဝင်လေထွက်လေကလည်း သဘောဆိုက်သွားပြီ | ၇၂ |
| ၃၄။ | အရှုခံဆိုတဲ့ သဘောပျက်ကြီး ပျောက်သွားပြီ | ၇၅ |
| ၃၅။ | ဟုတ်တိုင်းမှန်ရာကို ပြတတ်တဲ့ဆရာကောင်းကိုရှာ | ၇၇ |
| ၃၆။ | သတိပညာက နိဗ္ဗာန်ကို ကျေးဇူးပြုတာ | ၈၀ |
| ၃၇။ | ယောဂီကမ္မဋ္ဌာန်း ပျက်သွားပြီ | ၈၃ |
| ၃၈။ | သဘောပျက်ကြီးက ဆင်းရဲတဲ့တရားကြီးပါ | ၈၄ |
| ၃၉။ | သဘောပျက် ဆင်းရဲကြီးနဲ့ မနေချင်တော့ဘူး | ၈၆ |
| ၄၀။ | ဆင်းရဲလွတ်ရာ နိဗ္ဗာန်ရှာ | ၈၈ |
| ၄၁။ | ဘယ်စိတ်တွေ ချုပ်တာ သိဖို့လို | ၉၁ |
| ၄၂။ | ရွှေစစ်သော တရားတွေပါ | ၉၃ |
| ၄၃။ | ပညတ်ရုပ် ပညတ်နာမ်တွေ ချုပ်သွားတာ | ၉၅ |
| ၄၄။ | သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ချုပ်သွားရင် သောတာပန် | ၉၇ |
| ၄၅။ | ကုသိုလ် အကုသိုလ်စိတ်တွေ ချုပ်သွားတာကို သိနေတာ | ၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | ဘာမှမသိဘူးဆိုတော့ မဂ်စိတ်ကျနေတာလား | ၁၀၀ |
| ၄၇။ | ငြိမ်းအေးချမ်းသာတဲ့သဘောလေးကို စိတ်က ညွတ်လိုက်တာ | ၁၀၂ |
| ၄၈။ | သဘောသုညတ နိဗ္ဗာန်ရ | ၁၀၅ |


❖❖❖

**သုညသဘော**

♦ **ကြည့်ရင်းရှုရင်း၊ တကယ်မြင်ရင်ကွယ်**
**ပါယ်ခွင်သွားဖို့လည်း၊ မရှိပါတယ်။**

♦ **ငါ သူ လူ နတ်၊ ဆိုတာရယ်**
**မြူမှုန်မျှလောက်လည်း၊ ရှာမရတယ်။**

♦ **ဖြစ်တယ် ပျက်တယ်၊ ပျက်တယ် ဖြစ်တယ်**
**အသစ် အသစ်၊ ဖြစ်နေတယ်။**

♦ **ကြာလေ ရှာလေ၊ ဘာတွေမှ မတွေ့ရတယ်**
**သုညသဘောတွေ၊ ဖြစ်ကုန်တယ်။**



## နိဒါန်း

'သဘောသုညတနိဗ္ဗာန်ရ' ခန္ဓာကိုယ်တွေ့ ဉာဏ်မြင်အား ထုတ်စဉ် ဝိပဿနာအလုပ်ပေးတရား ဒေသနာတော်မြတ်သည် ကျောက်ပန်းတောင်းမြို့၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ များ၏ အဓိပတိပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဓမ္မသာမိ၊ မလေးရှား နိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ကိုယ့်စိတ်ကိုယ်စစ် သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ (၉)ရက် အဓိဋ္ဌာန်စခန်းပွဲ၌ သာသနာတော်နှစ် ၂၅၅၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅-ခုနှစ်၊ ခရစ်နှစ် ၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၈-ရက်နေ့တွင် ဟောကြားအပ် သော တရားဒေသနာတော် ဖြစ်ပါသည်။

သဘောသုညတနိဗ္ဗာန်ရတရားတော်ကို ကိုယ်တိုင်ကိုယ်ကျ ရှုမှတ်ပွားများ နာယူ မှတ်သားကြရသော ဓမ္မယောဂီ သူတော်စင် အပေါင်းတို့ ထပ်တလဲလဲ ဖတ်ရှု လေ့လာပွားများ အားထုတ်ရန်

သဒ္ဓါထက်သန်သော ဓမ္မမိတ်ဆွေများအား ဓမ္မဒါန ပြုလုပ်နိုင်ရန် စာအုပ်အဖြစ် ထုတ်ဝေပေးစေလိုကြောင်း တောင်းပန်လျှောက်ထားချက်အရ အသံသွင်းတရားခွေမှ စာမူအဖြစ် ကူးယူပြီး ပြင်ဆင်ဖြည့်စွက် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်တွင် တရားဟောကွက် ပြောကွက်များ စကားလုံး အထားအသို တရားအစီအစဉ်များ တစ်နေရာတွင် ပါရှိပြီးဖြစ်သော်လည်း အခြားတစ်နေရာ၌ ထပ်မံဖတ်ရှုရပါက တရားနာယူ မှတ်သား ပွားများကြတဲ့ ယောဂီသူတော်စင်များ ပိုမိုနားလည် ရှင်းလင်းသဘောပေါက် အကျိုးများစေရန် အလို့ငှာ အမေးအဖြေနှင့် ထပ်ပြန်တလဲလဲ ဟောထားခြင်းဖြစ်ကြောင်းကို စာရှုသူ ဓမ္မမိတ်ဆွေယောဂီ သူတော်စင်အပေါင်းတို့ ကြိုတင်သိထားကြစေလိုပါသည်။

ဝိပဿနာတရား အားထုတ်ဖူးသည့် ယောဂီများသည် ဤစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ရှင်းလင်းစွာ သဘောပေါက်သိရှိ နားလည်လိမ့်မည်ဟု ယုံကြည်ပါသည်။ တရားအားမထုတ်ဖူးသေးသောသူများလည်း ဤစာအုပ်ကို ဖတ်ရှုက နားလည်ပြီး သဘောပေါက်ကာ ဝိပဿနာဓာတ်ခံကို ရ၍ တစ်ဆင့်တက်ကာ အားထုတ်ပါက ဝိပဿနာဉာဏ်ရင့်သန် တိုးတက်လာပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ်ဖြစ်ပျက် သဘာဝတရားကို



မြင်အောင် ကြည့်ရှုနိုင်ကြလိမ့်မည်။ တွေ့အောင် ရှာနိုင်ကြလိမ့်မည်။ သိအောင် လုပ်နိုင်ကြလိမ့်မည်။

ခန္ဓာငါးပါး ရုပ်နာမ် ဖြစ်ပျက်သဘာဝတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း မြင်အောင် ကြည့်ရှုနိုင်ကြပါလျှင်၊ တွေ့အောင် ရှာနိုင်ပါလျှင်၊ သိအောင် လုပ်နိုင်ပါလျှင် ခန္ဓာအရှိ သဘောပျက် သင်္ခါရ ဒုက္ခသစ္စာတရားကြီးကို ဉာဏ်နှင့် သိပြီးတော့ သဘောဖြစ်ပျက် သင်္ခါရဆိုတဲ့ သဘောသုညတ ချုပ်ရာ ငြိမ်းရာဖြစ်တဲ့ ပရမတ်သုညတ သန္တိသုခ ငြိမ်းအေးတဲ့ မြတ်နိဗ္ဗာန်သို့ ရှုမှတ်ပွားများ အားထုတ်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပရမတ်သုညတ ငြိမ်းအေးရာ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေသောဟု ဆုပတ္ထနာ အာသီသပြုလျက် သဘောသုညတနိဗ္ဗာန်ရ ခန္ဓာကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာအလုပ်ပေးတရား ဒေသနာတော်မြတ်ကို အသံသွင်းတရားခွေမှ စာမူအဖြစ် ကူးယူပြီး စာအုပ်အဖြစ် စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အသံသွင်းတရားခွေမှ စာမူအဖြစ် ကူးယူ၍ စာအုပ်ဖြစ်သည်အထိ အစစအရာရာ ကူညီဆောင်ရွက် ကြိုးပမ်း ကုသိုလ်ယူခဲ့သော ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင် ဒုတိယပါမောက္ခချုပ်(ငြိမ်း)အားလည်းကောင်း၊ လက်ရေးမူမှ ကွန်ပျူတာစာမူ ပုံနှိပ်ထုတ်ဝေ ရိုက်နှိပ်

နိုင်သည်အထိ အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့သော ဓမ္မဗျူဟာ–ဒေါ်ဌေးဌေးအောင်(တွဲဖက်အုပ်ရေးမှူး)နှင့် ကွန်ပျူတာအယ်ဒီတာ (ဓမ္မဗျူဟာစာစောင်တိုက်)အားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမြင်မှန်၍ အယူမှန်ပြီး
အလုပ်မှန် လုပ်နိုင်ကြပါစေ…။

t &Sf'r®rrd
မဟာကမ္မဋ္ဌာနာစရိယ
သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ
ကျောက်ပန်းတောင်းမြို့။



## ကန်တော့ပန်လွှာ

**“အာစရိယဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ”**

လောကုတ္တရာ အမွေထူး၊ အမွေမြတ် ပေးအပ်သနားခဲ့သော ဆရာမြတ်သခင် ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်၊ ဂုဏ်တော်အထူးကို ‘ဓမ္မသာမိ’ဟု နာမမည်ခေါ် ဘုရားတပည့်တော်သည် ဤ‘**သဘောသုညတနိဗ္ဗာန်ရ**’ ကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာအလုပ်ပေး တရားဒေသနာမြတ် ရေးသားပါရ ‘ဓမ္မပူဇာ’တရားဖြင့်သာ အမြတ်ဆုံး ပူဇော်ကန်တော့လိုက်ပါ၏ ဆရာတော် အရှင်သူမြတ်ကြီးဘုရား….

ခန္ဓာဝန်ဇာတ်သိမ်း၍
အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့
စံဝင်တော်မူသော
ဆရာတော်ဘုရားအား…

ဘုရားတပည့်တော် လွန်စွာရိုကျိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ပန်ဆင်လျက် လျှောက်ထားပန်ကြားပါသည် ကျေးဇူးတော်ရှင် ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား…

* ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီးဘုရား···
ဆင်းရဲခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့
စံမြန်းနေတော်မူသော်လည်း တပည့်အပေါင်းတို့က
ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိနေသေးသည့်နှယ်၊

* ကျေးဇူးတော်ရှင် ဆရာသခင် ထေရ်အရှင်မြတ်ဘုရား···
အရှင်ဘုရား ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင်
အားထုတ်စဉ် အကျင့်မြတ် ပဋိပတ်တရားတော်တို့၏
ဂုဏ်တော် ကျေးဇူးတော်တို့သည်
ထွန်းလင်းတောက်ပစွာ ကွန့်မြူးလျက်၊

* ကျေးဇူးတော်ရှင် ဆရာသခင် ထေရ်အရှင်မြတ်ဘုရား···
တပည့်အပေါင်းတို့အား အမြဲသဖြင့် ဆိုဆုံးမလေ့ရှိသော
**'သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်'** ဆိုတဲ့ တရားဆောင်ပုဒ်
နှင့် လျော်ညီစွာ ဘုရားတပည့်တော်တို့၏ စိတ်ထဲ နှလုံး
သည်းပွတ်ထဲ၌ အမြဲ ကိန်းဝပ်တည်နေအောင်···

* ရရှိပြီးသော တရားဓာတ်တို့ကိုလည်း ထပ်ဆင့်တိုးပွား
အကျိုးများ ပြန့်ပွားထွန်းကားလာအောင်···
**သဲအင်း၊ ဖွဲ့တင်း၊ အမြဲလင်းအောင်**···
ကြိုးစားပါမည်ဘုရား။
ပွားများကြပါမည်ဘုရား။
အားထုတ်ကြပါမည်ဘုရား။

RQ

## ဘုရားရှိခိုး

**စတုသစ္စံ ပကာသေန္တော၊**
**ဗောဓယန္တော သဒေဝကံ။**
**ဝိစိတ္တ ဓမ္မကထာ နဂ္ဂံ၊**
**အဟံ ဝန္ဒာမိ သာဒရံ။**

**အဟံ**- ခန္ဓာငါးတန်ရုပ်နှင့် နာမ်ဟု မှတ်စွဲ မှည့်ခေါ် ဘုရားတပည့်တော်သည်၊

**စတုသစ္စံ**- ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးပါးသော သစ္စာကို၊

**ပကာသေန္တော**- ကျွတ်ထိုက်ဝေနေ သိစေထင်ရှား ဟောကြား ပြသတော်မူ၍၊

**သဒေဝကံ**- နတ်နှင့်တကွ ကျွတ်လွတ်ခွင့်ရှိကြသော လူရှင်အပေါင်းကို၊

**ဗောဓယန္တော**- ဉာဏ်မြင်ဝင်းတောက် အလင်းရောက်အောင် ထွင်းဖောက် သိစေတော်မူလျက်၊

**ဝိစိတ္တ ဓမ္မကထာနံ**– ဆန်းကြယ်သော တရားစကားကို ကောင်းစွာ ဟောကြားနိုင်သော ဓမ္မကထိကများတို့ထက်၊

**အဂ္ဂံ**– အမြတ်ကြီး မြတ်လှစွာသော၊

**ဗုဒ္ဓံ**– သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိမြင်ဘုရားရှင်ကို၊

**သာဒရံ**– ရိုသေ လေးမြတ်စွာ၊

**ဝန္ဒာမိ**– တရားဟော တရားနာ ဘေးရန်ကွာ၍ ကျန်းမာစေကြောင်း၊ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။

(သာဓု..သာဓု..သာဓုပါဘုရား)

-------------------



# သဘောသုညတ နိဗ္ဗာန်ရတရားတော်

## နေ့စဉ်ကြုံတွေ့နေရတာက ပညတ်အာရုံ

"အားလုံး သံဃာတော်အရှင်မြတ်များ၊ သီလရှင်ဆရာလေးများ၊ အမျိုးကောင်းသားယောဂီများ၊ အမျိုးကောင်းသမီး ယောဂီများ ဒီကနေ့ ဘုန်းကြီးတို့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ကိုယ့်စိတ်ကိုယ်စစ် သဲအင်းဂူ ဓမ္မရိပ်သာ (၉)ရက် အဓိဋ္ဌာန်စခန်း။ ဒီကနေ့ အဓိဋ္ဌာန်(၉)ရက်မြောက်တဲ့နေ့။ တစ်နည်းအားဖြင့် အဓိဋ္ဌာန်စခန်းသိမ်း အောင်ပွဲနေ့ဆိုလည်း မမှားပါဘူး။

ဒါကြောင့် ဒီကနေ့ ယောဂီတို့ရဲ့ (၉)ရက်လုံးလုံး ရှုမှတ်ပွားများ အားထုတ်လာတဲ့ မိမိတို့ရဲ့ ဒီတရားအသိစိတ်တွေ (၉)ရက်မှာ မိမိတို့ရဲ့ နှလုံးသွင်း ရှုမှတ်ပွားများလာတဲ့ ဝိပဿနာအသိဉာဏ်တွေဟာ တရားအဓိဋ္ဌာန်မဝင်မီ၊ တရားအားမထုတ်မီမှာ မိမိတို့ရဲ့ နေ့စဉ် ဘဝထဲမှာ သွားလာလှုပ်ရှားရင်းနဲ့ နေ့စဉ်ဘဝထဲမှာ တွေ့ကြုံလာတဲ့ အာရုံတွေနဲ့ စိတ်နဲ့ ကြုံကြိုက်လို့ ဆုံတိုက်တဲ့အခါမှာ ဖြစ်လာတဲ့ အာရုံရဲ့ ဣဋ္ဌ,အနိဋ္ဌ၊ ကောင်းမှု, မကောင်းမှုပေါ်မှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ

ဖြစ်ကြတယ်။ ယောဂီတို့ရဲ့ နေ့စဉ်ဘဝထဲမှာ နေ့စဉ်တွေ့နေရကြုံနေရတာကတော့ ပညတ်အာရုံတွေပဲ။ ယောဂီတို့ ဟုတ်ရဲ့လား။

ယောဂီတို့ရဲ့ နေ့စဉ် ဘဝထဲမှာ နေ့စဉ် ကြုံတွေ့နေရတဲ့ အာရုံတွေက ပညတ်အာရုံ၊ ဘာအာရုံတွေပါလဲ။"

"ပညတ်အာရုံတွေပါဘုရား"

"ပညတ်ဆိုတဲ့ ဟောဒီ အာရုံတွေနဲ့ ယောဂီတို့ဟာ တွေ့နေကြုံနေရတာ။ ယောဂီတို့ရဲ့ နေ့စဉ်ဘဝထဲမှာ ကာမအလုပ်တွေ လုပ်နေရင်းနဲ့ အာရုံငါးပါး ကာမဂုဏ်ဆိုတဲ့ အပေါ်တွေမှာ စိတ်တွေဟာ အမြဲတမ်း ရောက်နေတဲ့စိတ်၊ အဲဒီစိတ်တွေကို ဒီကနေ့ မိမိတို့ရဲ့ နေ့စဉ်လောကကြီးထဲမှာ စိတ်ကလေးကို သတိထားပြီး အသိနဲ့ မကြည့်တဲ့အခါကျတော့ ငါ့စိတ်ဟာ ဘယ်အာရုံပေါ် ရောက်နေသလဲ။ ယောဂီတို့ တစ်ခါတစ်ရံကျတော့ သိရဲ့လား"

"မသိပါဘုရား။"

"သိတာနဲ့ မသိတာ ဘယ်ဟာများလဲ။"

"မသိတာ များပါတယ်ဘုရား။"

"အေး‥ မသိတာ များတယ်။ ဒါကြောင့် မသိတာများတဲ့ စိတ်တွေနဲ့ ပညတ်အာရုံဆိုတဲ့ အာရုံတွေပေါ်မှာ ပြေးလွှား ပျံ့လွင့်နေတယ်။ ပညတ်အာရုံတွေပေါ်မှာ မေ့မျော လွင့်မျောပြီးတော့ အဲဒီ ပညတ်အာရုံတွေပေါ်မှာ နစ်နေတဲ့စိတ်ကလေးကို၊ ပညတ်



အာရုံပေါ်မှာ မွေ့လျော်နေတဲ့စိတ်ကို ဒီကနေ့ (၉)ရက်လုံးလုံး တရားရှုမှတ်ပွားများ အားထုတ်လာတဲ့အခါကျတော့၊ ယောဂီတို့ရဲ့ စိတ်ကို ယောဂီတို့ သတိနဲ့ထားပြီး ဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့ ယောဂီတို့ရဲ့ စိတ်အကြောင်းကို ယောဂီတို့ သိမလာဘူးလား။

## ပညတ်ကို အာရုံပြုတဲ့စိတ်နဲ့ ပရမတ်ကို အာရုံပြုတဲ့စိတ် တူရဲ့လား

ယောဂီတို့ ပညတ်အာရုံပေါ်မှာ မွေ့လျော်နေတဲ့ စိတ်ကလေးဟာ ဒီကနေ့ ဘုရားရှင်အဆုံးအမဖြစ်တဲ့ ရုပ်နာမ်သင်္ခါရဆိုတဲ့ အရှုခံအာရုံပေါ်မှာ စိတ်ကလေးကို ရှုနေ သိနေတဲ့အခါကျတော့ ယောဂီတို့ရဲ့ ပညတ်အာရုံပေါ်ရောက်နေတဲ့စိတ်၊ ပညတ်အာရုံပေါ်မှာ မွေ့လျော်နေတဲ့ စိတ်ကလေးဟာ ယောဂီတို့ရဲ့ ခန္ဓာအရှိ ရုပ်နာမ်သင်္ခါရဆိုတဲ့ အရှုခံသဘောတရားတွေပေါ်မှာ စိတ်က သိနေတဲ့ အချိန်အခါမှာ ပညတ်ကို အာရုံပြုတဲ့စိတ်နဲ့ ပရမတ်ကို အာရုံပြုတဲ့စိတ် တူရဲ့လား။"

"မတူပါဘုရား။"

"ပညတ်ကို အာရုံပြုတဲ့စိတ်က လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ မဖြစ်ဘူးလား။ ပညတ်ကို အာရုံပြုရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ် မဖြစ်ဘူးလား။ ယောဂီတို့ဟာ ကိုယ့်ခန္ဓာအရှိ ရုပ်နာမ် သင်္ခါရ အရှုခံတရားတွေကို အာရုံပြုပြီး ရှုနေ ကြည့်နေ သိနေတဲ့အခါကျတော့ အဲဒီမှာ

လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာတွေ တဒင်္ဂ ငြိမ်းမသွားဘူးလား။”

“ငြိမ်းသွားပါတယ်ဘုရား။”

“လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ် စိတ္တသင်္ခါရတွေ တဒင်္ဂချုပ်မသွားဘူးလား။ ဒါဖြင့် ယောဂီတို့ရဲ့ တရားအားမထုတ်မီ၊ တရား မရှုမီစိတ်နဲ့ အခုယောဂီတို့ (၉)ရက် အဓိဋ္ဌာန်မှာ တရားရှုမှတ် နှလုံးသွင်းနေတဲ့ စိတ်သည် တူရဲ့လား။”

“မတူပါဘုရား။”

## ကိလေသာဖြစ်တဲ့စိတ်နဲ့ ကိလေသာငြိမ်းတဲ့စိတ်

“အဲဒီတော့ ပညတ်ကို အာရုံပြုရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ ဖြစ်တယ်။ ပရမတ်ကို အာရုံပြုရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ ငြိမ်းတယ်။

ကိလေသာဖြစ်တဲ့စိတ်နဲ့ ကိလေသာငြိမ်းတဲ့စိတ်ကို ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသွားတာ။ တရားအားထုတ်လို့လား။ တရားအားမထုတ်လို့လား။”

“တရားအားထုတ်လို့ပါဘုရား။”

“တရားကျင့်လို့လား။ တရားမကျင့်လို့လား။”

“တရားကျင့်လို့ပါဘုရား။”



“ကိုယ်တိုင်တရားကို ကျင့်လာတဲ့အခါကျတော့ ကိုယ်တိုင် ကွဲကွဲပြားပြား သိသွားတာလား။ ဘုန်းကြီးက ပြောလို့ သိသွားတာလား။”

“ကိုယ်တိုင် ကွဲကွဲပြားပြား သိသွားတာပါဘုရား။”

“ဟုတ်ရဲ့လား။ မှန်ရဲ့လား။ ကိုယ်တိုင် အားထုတ်လို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကွဲကွဲပြားပြား သိသွားတာ။ ဘုန်းကြီးတို့ ဟောလို့ ပြောလို့ သိတာက အငှားသိ။ ဘုန်းကြီးတို့ ပြောလို့ ဟောလို့ သိတာက ဘာလဲ။”

“အငှားသိပါဘုရား။”

“ယောဂီတို့ ကိုယ်တိုင်ကျင့်လို့ သိတာက ‘ကိုယ်ပိုင်သိ’။ ဟုတ်တယ်မလား။ ဘုန်းကြီးတို့ ပြောလို့ ဟောလို့ သိတဲ့ ရပ်သုံးရွာသုံးနဲ့ ပြောရတာ။ စာပေစကားနဲ့ ပြောရရင် **သုတမယဉာဏ်၊** ဟုတ်တယ်မလား။ **သုတမယဉာဏ်–** ကြားသိ။ တစ်ဆင့် တက် **စိန္တာမယဉာဏ်**– တွေးသိ။ တစ်ဆင့်တက် ကိုယ့်ခန္ဓာ အရှိကို ကိုယ့်ဉာဏ်နဲ့ ကြည့်ပြီးပွားတဲ့– **ဘာဝနာမယဉာဏ်**။ ကိုယ့်ခန္ဓာအရှိကို ကိုယ့်ဉာဏ်နဲ့ ကြည့်တဲ့ ယောဂီတို့က ဘာဝနာ အလုပ်ကို လုပ်လာတော့–

**ဘာဝိတော ဗဟုလီကတော**– အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်း ရှုမှတ် ပွားများလာတဲ့အခါကျတော့ အဲဒီမှာ **ဘာဝနာယ ဝမုမာနာယ**။

**ဘာဝနာယ** - ဘာဝနာတရားတွေကို အကြိမ်ကြိမ် အဖန်ဖန် ပွားများလာတဲ့အခါကျတော့၊ **ဝမုမာနာယ** - အသိလေးတွေ တဖြည်းဖြည်းနဲ့ ပွားပွားလာတော့ အသိ တိုးမလာဘူးလား။ အသိဉာဏ်လေးတွေ တိုးတိုး မလာဘူးလား။"

"တိုးတိုးလာပါတယ်ဘုရား။"

## သဘောနဲ့ ငါနဲ့ ကွဲကွဲပြားပြား သိသွားတာ

"**ဘာဝနာယ** - ဝိပဿနာဘာဝနာတရားကို၊ **ဝမုမာနာယ** - တိုးပွားလာသည်ရှိသော် ဝိပဿနာဘာဝနာတရားကို အကြိမ်ကြိမ် အဖန်ဖန် ပွားများလာတော့၊ ယောဂီတို့ရဲ့ နေ့စဉ်ဘဝထဲမှာ၊ **ပညတ္တိ**- ရှေးက ယူ၍ မှတ်၍ထားသော မရှိပညတ် ရှိပညတ်တွေကို၊ **သမတိက္ကမိတွာ**- လွန်မြောက်၍၊ **သဘာဝေ ယေဝ**- သဘောတရား၌သာလျှင်၊ **စိတ္တံ** - ရှုနေတဲ့စိတ်သည်၊ **တိဋ္ဌတိ**- တည်၏။

သုတ်ပါထေယျ ပါဠိတော်မှာ ဘုရားဟောထားတော့ ယောဂီတို့ အဲဒီမှာ တရားနှလုံးသွင်း ရှုမှတ်ပြီးတော့ ခန္ဓာမှာ သတိကပ်ပြီး ဝီရိယစိုက်ကာ ဘာဝိတော ဗဟုလိကတော- အကြိမ်ကြိမ် အဖန်ဖန် ပွားပွား ပွားပွားလာတဲ့အခါကျတော့ ဘာဝနာအသိတွေ တိုးတိုး တိုးတိုး မလာဘူးလား။ သတိတရားတွေ တိုးလာတယ်။ ဝီရိယတရားတွေ တိုးလာတယ်။ သမာဓိတွေ တိုးပွားလာတယ်။ အဲဒီမှာ ပညာတွေ တိုးပွား



မလာဘူးလား။ ပညာအသိတွေ ဖြစ်သွားတဲ့အခါကျတော့ ခန္ဓာက အရှုခံ။ ဓာတ်ရှုလည်း ဓာတ်သဘော။ ရုပ်ရှုလည်း ဖောက်ပြန်တဲ့သဘော၊ ဝေဒနာရှုလည်း ဝေဒနာ ခံစားတဲ့သဘော။ စိတ်ရှုလည်း သိတတ်တဲ့သဘောဆိုတဲ့ အဲဒီသဘောလေးတွေပေါ်မှာ ယောဂီတို့ရဲ့ ရှုနေတဲ့ ရှုဉာဏ်လေးဟာ သိသိ၊ သိမနေဘူးလား။ သိတယ်မလား။ တခြားသိတာလား။ သဘောသိတာလား။"

"သဘောသိတာပါဘုရား။"

"ခန္ဓာက ပစ္စုပ္ပန်ပေါ်လာတဲ့သဘောတရားလေးတွေ၊ အဲဒီတော့ ရုပ်နာမ် သင်္ခါရဆိုတဲ့ အရှုခံသဘောတရားလေးတွေကို ငါ မဟုတ်ဘူး။ သူ မဟုတ်ဘူး။ ပုဂ္ဂိုလ်မဟုတ်ဘူးလို့ အဲဒီ သဘောနဲ့ ငါနဲ့ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသွားတာ လူက သိတာလား။ ပညာလား။"

"ပညာပါဘုရား။"

"အဲဒါ ပညာက သိသွားတာ။"

## အမှန်မြင် အမှန်သိနေတဲ့ သမ္မာဒိဋ္ဌိဉာဏ် ရမနေဘူးလား

"အဲဒီလို ရှုရင်း မှတ်ရင်းနဲ့ သတိအား၊ သမာဓိအား တိုးလာတော့ ယောဂီတို့ ရှုနေတဲ့အခါမှာ ယောဂီတို့ရဲ့ ရှုကွက် အာရုံထဲမှာ ဓာတ်ရှုတဲ့ပုဂ္ဂိုလ်က အရှုခံဆိုတဲ့ ဓာတ်သင်္ခါရ သဘောလေးကို ရှုလိုက်တော့ ဓာတ်သင်္ခါရသဘောတရားလေးတွေ ခန္ဓာမှာ ပေါ်ပေါ် ပေါ်ပေါ်ပြီးတော့ ပျောက်ပျောက် မသွား

ဘူးလား။”

“ပျောက်ပျောက်သွားပါတယ်ဘုရား။”

“ဓာတ်သဘောလေးတွေ ဖြစ်ဖြစ်ပြီးတော့ တည်နေသလား။ ပျက်သွားသလား။ ပျက်သွားတယ်။ အဲဒီတော့မှ အရှုခံဓာတ် သင်္ခါရသဘောလေးတွေ ဖြစ်ပြီး သဘောလေးတွေ ပျက်တယ်ဆိုတာကို ယောဂီတို့ အမှန်မြင် အမှန် သိမလာဘူးလား။”

“သိလာပါတယ်ဘုရား။”

“သိလာတယ်။ အဲဒီတော့ အရှုခံရုပ်သင်္ခါရသဘောကို ယောဂီတို့ ရှုနေတဲ့အခါကျတော့ ရုပ်သင်္ခါရသဘောတရားလေးတွေကလည်းပဲ ပေါ်ပေါ်ပြီးတော့ ပျောက်မသွားဘူးလား။ အရှုခံရုပ်သင်္ခါရသဘောလေးတွေ ဖြစ်ဖြစ် ဖြစ်ဖြစ်ပြီးတော့ တည်နေသလား။ ပျက်သွားသလား။”

“ပျက်သွားပါတယ်ဘုရား။”

“အဲဒီတော့ အရှုခံရုပ်သင်္ခါရသဘောဖြစ်ဖြစ်ပြီးတော့ ပျက်သွားတယ်။ ဖြစ်သဘော ပျက်သဘောတွေကို အဲဒီမှာ အမှန်သိမနေဘူးလား။”

“အမှန် သိနေပါတယ်ဘုရား။”

“အမှန် သိနေတယ်။ ဝေဒနာသင်္ခါရခံစားတဲ့သဘောလေး ဖြစ်မလာဘူးလား။ ဖြစ်လာပြီးတော့ တည်နေသလား။ ပျက်သွားသလား။”



“ပျက်သွားပါတယ်ဘုရား။”

“ပျက်သွားတယ်။ ခံစားတဲ့သဘော ဖြစ်ပျက်ကို အမှန်မြင် အမှန်သိမနေဘူးလား။”

“သိနေပါတယ်ဘုရား။”

“တစ်ခါတစ်ရံကျတော့ ယောဂီတို့ စိတ်သင်္ခါရဆိုတဲ့ သိသဘောလေး မရှိဘူးလား။”

“ရှိပါတယ်ဘုရား။”

“ဘာလို့ ရှိရှိနေတာလဲ။ ဖြစ်ဖြစ်နေလို့။ စိတ်ဆိုတဲ့ သိသဘောလေး ဘာလို့ ဖြစ်ဖြစ်နေတာလဲ။ ဘယ်တုန်းက ဖြစ် “အခုဖြစ်”။ အခုဖြစ်ပြီးတော့ တည်နေသလား။ ပျက်သွားသလား။”

“ပျက်သွားပါတယ်ဘုရား။”

“ပျက်သွားတယ်။ စိတ်ဆိုတဲ့ သိတတ်တဲ့ သဘောတရားကလည်း ဖြစ်ပြီးတော့ ပျက်တတ်တဲ့သဘောပါလားလို့ အဲဒီမှာ အမှန်မြင် အမှန် သိမလာဘူးလား။”

“သိလာပါတယ်ဘုရား။”

“သိလာတယ်။ ယောဂီတို့ရဲ့ ခန္ဓာကနေပြီးတော့ ဓာတ်၊ ရုပ်၊ ဝေဒနာ၊ စိတ်- ခန္ဓာက ပေါ်လာတဲ့ ဓမ္မသဘောတရားတွေရဲ့ ဖြစ်ပျက်ဆိုတဲ့သဘောတွေကို အမှန်မြင် အမှန်သိနေတာ။

အမှန်မြင် အမှန်သိနေတဲ့ သမ္မာဒိဋ္ဌိဉာဏ် ရမနေဘူးလား။”

“ရနေပါတယ်ဘုရား။”

## သဘောရုပ်နာမ်တွေ ဖြစ်ပျက်နေတယ်

“ရနေတယ်။ ဒါကြောင့် ခန္ဓာမှာ ရှိနေတဲ့ အရှိသဘာဝ တွေကို သဘာဝအတိုင်း ရှုလာတော့ ယောဂီတို့ရဲ့ ဉာဏ်မှာ ဖြစ်ပျက်ဆိုတဲ့ သဘောတွေ ထင်မလာဘူးလား။ မြင်မလာ ဘူးလား။”

“မြင်လာပါတယ်ဘုရား။”

“မြင်လာတယ်။ အဲဒီတော့ အရှုခံက ဓာတ်ပဲ ရှုရှု။ ဓာတ်သဘောကို အရှုခံထားပြီးတော့ ရှုလိုက်ရင် ဉာဏ်မှာ ဖြစ်ပျက်ဆိုတဲ့ လက္ခဏာတွေ ထင်မလာဘူးလား။”

“ထင်လာပါတယ်ဘုရား။”

“ရုပ်ဖောက်ပြန်တဲ့သဘောကို ရှုရင် ဉာဏ်မှာ ဖြစ်ပျက် ဆိုတဲ့ သဘောတွေ ထင်မလာဘူးလား။”

“ထင်လာပါတယ်ဘုရား။”

“ဝေဒနာခံစားတဲ့သဘောကို ရှုရင် ဉာဏ်မှာ ဖြစ်ပျက် ဆိုတဲ့ သဘောတွေ ထင်မလာဘူးလား။”

“ထင်လာပါတယ်ဘုရား။”

“စိတ်သဘောကို ရှုနေရင် စိတ်ဆိုတဲ့ အရှုခံသဘောရဲ့ ဖြစ်ပျက် ဉာဏ်မှာ ထင်မလာဘူးလား။”



“ထင်လာပါတယ်ဘုရား။”

“ထင်လာတယ်။ အားလုံးရှင်းတယ်နော်။ ဖြစ်ပျက်တွေ ထင်လာပြီ။ လူတွေ ဖြစ်ပျက်နေတာလား။ သဘောရုပ်နာမ်တွေ ဖြစ်ပျက်နေတာလား။”

“သဘော ရုပ်နာမ်တွေ ဖြစ်ပျက်နေတာပါဘုရား။”

“ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပျက်နေတာလား။ သဘော ရုပ်နာမ်တွေ ဖြစ်ပျက်နေတာလား။”

“သဘော ရုပ်နာမ်တွေ ဖြစ်ပျက်နေတာပါဘုရား။”

“အဲဒါ သဘော ရုပ်နာမ်တွေ ဖြစ်ပျက်နေတယ်။ ရှင်း တယ်နော်။ ရုပ်နာမ်ဆိုတာ ဘာလဲ။ ‘သင်္ခါရ’။ ဘုန်းကြီးတို့ ပြောခဲ့ပြီးပြီနော်။

ဓာတ်ဆိုတာ ဘာလဲ။ သင်္ခါရ။

ရုပ်ဆိုတာ ဘာလဲ။ သင်္ခါရ။

ဝေဒနာခံစားတဲ့သဘောသည် ဘာလဲ။ သင်္ခါရ။

စိတ်သည် ဘာလဲ။ သင်္ခါရ။

အဲဒီ သင်္ခါရသဘောတရားလေးတွေသည် ခန္ဓာမှာ ပေါ် ပေါ်ပြီးတော့ ပျောက်ပျောက်သွားတဲ့သဘော။ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက်သွားတယ်ဆိုတဲ့ သင်္ခါရဖြစ်ပျက်ကို ယောဂီတို့ ပညာနဲ့ **ပ**-ကွဲကွဲပြားပြား၊ **ညာ**- သိလာတာ။ အဖြစ်နဲ့ အပျက်ကို

သိနေတာ။ လူက သိတာလား။ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား။"

"ဉာဏ်က သိနေတာ။ သင်္ခါရသဘောတွေ သူ့သဘောနဲ့ သူဖြစ်၊ သူ့သဘောနဲ့ သူ ပျက်နေတဲ့ သဘောဖြစ်ပျက်တွေကို လူက သိတာလား။ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား။"

"ဉာဏ်က သိတယ်တဲ့။ အဲဒါကို ဘုန်းကြီးတို့ ပါဠိတော်က ဘာဟောထားသလဲဆိုရင်-

**သမ္မာပဋိပန္နော ယောနိသော မနသိကာရေန သင်္ခါရာနံ ဥဒယဗ္ဗယံ။ သမ္မသမာနော နိဗ္ဗာနံ သစ္ဆိကရောတိ။**"

"**သမ္မာပဋိပန္နော**- မှန်စွာ ကျင့်နေသောသူသည်၊ **ယောနိသော မနသိကာရေန**- အသင့်အတင့် နှလုံးသွင်းသောအားဖြင့်၊ **သင်္ခါရာနံ**- ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏၊ **ဥဒယဗ္ဗယံ**- ဖြစ်ခြင်း ပျက်ခြင်းကို၊ **သမ္မသမာနော**- ကောင်းစွာမြင်သည် ဖြစ်၍၊ **နိဗ္ဗာနံ**- နိဗ္ဗာန်ကို၊ **သစ္ဆိကရောတိ**- မျက်မှောက်ပြု၏။

### ခန္ဓာအရှိန့် ဉာဏ်အသိ ကိုက်ညီမသွားဘူးလား

ကိုယ့်စိတ်ကိုယ်စစ် သဲအင်းဂူဓမ္မရိပ်သာ (၉)ရက် အဓိဋ္ဌာန်စခန်းမှာ ဝင်ရောက်ပြီးတော့ တရားရှုမှတ်နေတဲ့ ယောဂီတို့…။



ယောဂီတို့ကို ဘုန်းကြီးတို့ ပြောနေ ဟောနေတဲ့ ဝိပဿနာ ရှုနည်းမှတ်နည်း ပွားများအားထုတ်နည်းတွေဟာ ဘုန်းကြီးတို့ တရားလား။ ဘုရား တရားလား။"

"ဘုရား တရားပါဘုရား။"

"ဘုန်းကြီးတို့ရဲ့ နည်းလား။ ဘုရား နည်းလား။"

"ဘုရားနည်းပါဘုရား။"

"ဘုရားရှင် ညွှန်ကြားတော်မူတဲ့အတိုင်း ဒီကနေ့ ဘုန်းကြီးတို့ ကျင့်နေတာ။ အားထုတ်နေတာ။ အဲဒီတော့ တစ်နည်းအားဖြင့် ဘုရားရှင် ဟောတော်မူတဲ့ တရားတွေဟာ တခြားလား။ ပရိယတ္တိဓမ္မတွေလား။"

"ပရိယတ္တိဓမ္မတွေပါဘုရား။"

"ပရိယတ္တိက ညွှန်ကြားသည့်အတိုင်း ပဋိပတ်ဆိုတဲ့ အကျင့်ကို ယောဂီတို့ ကျင့်နေတာ မဟုတ်ဘူးလား။ ပရိယတ် ဆိုတာ 'စည်းကမ်း'။ ပဋိပတ်ဆိုတာ 'လုပ်ငန်း'။ ပရိယတ် ဆိုတာ ဘာလဲ။"

"စည်းကမ်းပါဘုရား။"

"ပဋိပတ်ဆိုတာ ဘာလဲ။"

"လုပ်ငန်းပါဘုရား။"

"ဒါဖြင့် ဘုန်းကြီးတို့ အားထုတ်နေတဲ့ ဝိပဿနာရှုနည်း

မှတ်နည်းဟာ စည်းကမ်းရှိတဲ့ လုပ်နည်းလား။ စည်းကမ်း မရှိတဲ့ လုပ်နည်းလား။"

"စည်းကမ်းရှိတဲ့ လုပ်နည်းပါဘုရား။"

"စည်းကမ်းမရှိတဲ့ အလုပ်လား။ စည်းကမ်းရှိတဲ့ အလုပ်လား။"

"စည်းကမ်းရှိတဲ့ အလုပ်ပါဘုရား။"

"အဲဒီ စည်းကမ်းရှိတဲ့အလုပ်ကို ဘုန်းကြီးတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးရှင်ဖြစ်တဲ့ သဲအင်းဂူဆရာတော်ဘုရားကြီးက ဘုရားရှင်ရဲ့ ဆုံးမသြဝါဒတရားတော်တွေကို ဆရာတော်ဘုရားကြီးက သူကိုယ်တိုင် ကျင့်ပြီး (၂၁)လတိုင်တိုင် "**လူ သေရင် သေ၊ မသေရင် တရားရ**"ဆိုပြီးတော့ ဆရာတော်ဘုရားကြီး (၂၁)လတိုင်တိုင် အရေကြွင်းပါစေ။ အရိုးကြွင်းပါစေ။ အသွေးအသားတွေ ခန်းခြောက်ရင် ခြောက်ပါစေဆိုတဲ့ စတုရင်္ဂဝီရိယ၊ အာတာပီဝီရိယ၊ သမ္မပ္ပဓာန်လုံ့လတွေနဲ့ (၂၁)လတိုင်တိုင် အားထုတ်လို့ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မဂ် ဖိုလ် နိဗ္ဗာန် ရသွားတဲ့တရားတွေ ဖြစ်တယ်။ အဲဒီတော့ ဆရာတော်ကြီးရဲ့ တရားတွေက ပရိယတ္တိစည်းကမ်းနဲ့ မကိုက်ညီဘူးလား။ စည်းကမ်းမရှိတဲ့ အလုပ်လား။ စည်းကမ်းရှိတဲ့ အလုပ်လား။"

"စည်းကမ်းရှိတဲ့ အလုပ်ပါဘုရား။"

"ဒီအကျင့်ဟာ မှားသလား။ မှန်သလား။"



"မှန်ပါတယ်ဘုရား။"

"အမှန်တရားတွေကို ကျင့်နေတာ၊ ဘုရားရှင် ညွှန်ကြားတော်မူတဲ့အတိုင်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်တွေ့ ဉာဏ်မြင်သိထားတဲ့ အသိ၊ ယောဂီတို့ကို ညွှန်ကြားတဲ့အတိုင်း ယောဂီတို့ရဲ့ ခန္ဓာအရှိကို ဉာဏ်နဲ့သိလိုက်တော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်မသွားဘူးလား။"

## ဓမ္မဉာဏ်အလင်းတွေ ပွင့်ဖို့က အဓိကပါ

"**သမ္မာပဋိပန္နော**- မှန်စွာကျင့်သောပုဂ္ဂိုလ်သည်၊ **ယောနိသော မနသိကာရေန**- အသင့်အတင့် နှလုံးသွင်းသောအားဖြင့် တရားတွေ ကျင့်ပြီး တရားနှလုံးမသွင်းရင် တရားအသိတွေ တိုးပါ့မလား။"

"မတိုးပါဘုရား။"

"တရားတွေ (၁)နာရီကျင့်၊ (၂)နာရီ၊ (၃)နာရီ၊ (၄)နာရီကျင့်၊ (၅)နာရီကျင့်၊ (၆)နာရီကျင့်။ မဟာပလ္လင်တစ်ဖက်ချိပ်။ နှစ်ဖက်ချိပ်။ မဟာပလ္လင် ထိုင်ကျင့်တယ်။ ကျင့်ပြီးတော့ ပြီးသွားပြီ တစ်ခါတည်း။

မိမိတို့ ကျင်လို့ သိတဲ့ စိတ်ကလေးကို အသိဉာဏ်တွေ တစ်ဆင့်ထက် တစ်ဆင့် အသိဉာဏ်တွေ တိုးသည်ထက် တိုးပြီး အသိဉာဏ်တွေ ပွင့်သည်ထက် ပွင့်ပြီးတော့ ဓမ္မဉာဏ်အလင်းတွေရအောင် ယောနိသော မနသိကာရ-နှလုံးသွင်းခြင်းမရှိဘူး

ဆိုရင် ယောဂီတို့ အသိတွေ ထူးပါ့မလား။"

"မထူးပါဘုရား။"

"အမြင်တွေ ထူးပါ့မလား။"

"မထူးပါဘုရား။"

"ဒါကြောင့် ယောဂီတို့ တရားဟာ ထိုင်ရုံနဲ့ မပြီးဘူး။ မဟာပလ္လင်ထိုင်နေရုံနဲ့ အသိဉာဏ်တွေ ဆုံးသွားမှာ မဟုတ်ဘူး။ ဘယ်အထိုင်ပဲထိုင်ထိုင် အသိဟာ အရေးကြီးတယ်။ ရိုးရိုးပဲထိုင်ထိုင်၊ တစ်ဖက်တင်ပဲထိုင်ထိုင်၊ နှစ်ဖက်တင် ချိပ်ပဲထိုင်ထိုင်၊ ဣရိယာပုတ်သည် အရေးမကြီးဘူး။ အသိဉာဏ်သည် အရေးကြီးသည်။ ယောဂီတို့ နာရီရှည် ထိုင်နိုင်ဖို့က အဓိကလား။ အသိဉာဏ်တိုးဖို့က အဓိကလား။"

"အသိဉာဏ် တိုးတက်ဖို့က အဓိကပါဘုရား"

"နာရီရှည်ထိုင်ဖို့က အဓိကလား။ ဓမ္မဉာဏ်အလင်းတွေ ပွင့်ဖို့က အဓိကလား။"

"ဓမ္မဉာဏ်အလင်းတွေ ပွင့်ဖို့က အဓိကပါဘုရား"

## ဓမ္မစွမ်းအားတွေက ပို့ဆောင်သွားတာ

"ဘုန်းကြီးတို့က ယောဂီတို့ကို အတင်းအဓမ္မ မထိုင်မနေရ တစ်ဖက်တင်၊ မဟာပလ္လင်ထိုင်။ ယောဂီတို့ကို ဘုန်းကြီးတို့က မထိုင်မနေရ အမိန့်အာဏာနဲ့ ပြောပြီးတော့ ထိုင်



ခိုင်းတာလား။

ဘုန်းကြီးတို့က ယောဂီတို့ ဘုရားရှင် ညွှန်ကြားတော်မူတဲ့အတိုင်းပဲ မိမိတို့ရဲ့ ဣရိယာပုတ်ကို မိမိတို့ရဲ့ ကြိုက်နှစ်သက်ရာ ဣရိယာပုတ်နဲ့ စိတ်တိုင်းကျ မိမိတို့ ဣရိယာပုတ်ကို ယူပြီးရင် မိမိတို့တရား ရှုမှတ်အားထုတ်ရမှာ ဖြစ်တယ်။ ဟုတ်တယ်မလား။"

"ဟုတ်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ သဲအင်းဂူနည်းကို အားထုတ်ရင် ယောဂီတို့သည် ရိုးရိုးထိုင်ရမယ်။ ရိုးရိုးထိုင်ပြီးရင် တစ်ဖက်တင်၊ မဟာပလ္လင် ထိုင်ရမယ်လို့ ဘုန်းကြီးတို့က အတင်းထိုင်ခိုင်းသလား။"

"မထိုင်ခိုင်းပါဘုရား"

"အဲဒီမှာ တရားရှုနေရင်း၊ အားထုတ်နေရင်းနဲ့ ယောဂီတို့ဟာ ဘာတွေဖြစ်လာသလဲဆိုတော့ ဓမ္မစွမ်းအားတွေ သဒ္ဓါအားတွေ ကောင်းလာပြီ။ သတိအားတွေ ကောင်းလာပြီ၊ ဝီရိယအားတွေ ကောင်းလာပြီ။ သမာဓိအားတွေ ကောင်းလာတဲ့အခါကျတော့ မိမိရဲ့ ရိုးရိုးထိုင်နေတဲ့အခါမှာ အသိနဲ့ ခြေထောက်တစ်ဖက်တင် ထပ်ထိုင်တဲ့အခါမှာ ဘယ်လိုအသိများ ပြောင်းသွားမလဲ။ ရိုးရိုးထိုင်တဲ့အသိက ဘယ်လိုသိမလဲ။ တစ်ဖက်တင်ထပ်ပြီးတော့ ထိုင်လိုက်တော့ အရေအရေချင်း၊ အသား အသား

ချင်း၊ အရိုးအရိုးချင်း ကြာကြာလေး ထိထိထားလိုက်တဲ့အခါ ကျတော့ စိတ်က တုန့်ပြန်ခံစားမှု ဘယ်လိုလာမလဲ။ တစ်ဖက် တင်ထိုင်တာနဲ့ ရိုးရိုးထိုင်တာနဲ့ စိတ် ဘယ်လို ကွာခြားမှု ဖြစ် သလဲ။ မသိဘူးလား။”

“သိပါတယ်ဘုရား”

“တစ်ဖက်တင်ကနေ နှစ်ဖက်တင်လိုက်မယ်။ မဟာပလ္လင် တင်ပြီးတော့ ငါ ထိုင်လိုက်မယ်။ မဟာပလ္လင်ထိုင်တာသည် တစ်ဖက်တင်ထိုင်တာနဲ့ ရိုးရိုးထိုင်တာနဲ့ ဘယ်လို ကွာခြားသလဲ။ ဒီအပေါ်မှာ ငါ၏ စိတ်ရဲ့သဒ္ဓါအား ဘယ်လိုနေသလဲ။ ဒီအပေါ်မှာ အသိဉာဏ်တွေသည် ရိုးရိုးထိုင်တာနဲ့ တစ်ဖက်တင်ထိုင်တာနဲ့ မဟာပလ္လင်ထိုင်တာနဲ့ သိစိတ်တွေဟာ ဘယ်လို ထူးခြားလာ သလဲ။ ငါ့မှာ ခံနိုင်တဲ့ သမာဓိစွမ်းအား ဘယ်လောက်ရှိသလဲ။

အဲဒီတော့ ယောဂီတို့ ရိုးရိုးထိုင်တာနဲ့ တစ်ဖက်တင်ထိုင် တာ ရုပ်ရဲ့ဖောက်ပြန်မှု ဒဏ်ချက် ပြင်းထန်တာတွေ တူရဲ့ လား။”

“မတူပါဘုရား”

“ဘယ်က ပိုပြင်းထန်လာသလဲ။”

“တစ်ဖက်တင်က ပို၍ ပြင်းထန်လာပါတယ်ဘုရား”

“တစ်ဖက်တင်က ပို၍ ပြင်းထန်လာတယ်။”

“အဲဒီတစ်ဖက်တင် ထိုင်ရင်းနဲ့ နောက်တစ်ဖက်ထပ်တင်



လိုက်ရင် မဟာပလ္လင် ဖြစ်မသွားဘူးလား။ ခြေထောက်တစ် ဖက်ထပ်ပြီး ထိုင်တဲ့အထိုင်နဲ့ ခြေထောက်နှစ်ဖက် တစ်ဖက် ပေါ် တစ်ဖက်ထပ်ပြီး မဟာပလ္လင်ထိုင်တာနဲ့ ဘယ်ဟာက ပြင်းထန်သွားသလဲ။”

“မဟာပလ္လင်ထိုင်တာက ပြင်းထန်သွားပါတယ်ဘုရား”

“မဟာပလ္လင်ထိုင်တာက ပြင်းထန်သွားတယ်။ ပြင်းထန် သွားတဲ့အခါကျတော့ ယောဂီတို့ တစ်ထိုင်နဲ့ တစ်ထိုင် ဣရိယာ ပုတ်ချင်း မတူတော့ ဖောက်ပြန်လာတဲ့ ဒဏ်ချက်တွေကလည်း မတူဘူး။ ပြင်းထန်လာတဲ့ ဒဏ်ချက်တွေ ဖြစ်လာတဲ့အခါကျ တော့ စိတ်ကလေးက ဒီအပေါ်မှာ ဘယ်လိုရှုမလဲ။

ယောဂီတို့ရဲ့ ရှုနည်းကို ယောဂီတို့ အသိဆုံးဖြစ်တယ်။ မထိုင်ဖူးတဲ့သူကို သွားပြောနေရင် သိပ့်မလား။”

“မသိပါဘုရား”

“ယောဂီတို့ အခု မဟာပလ္လင်ထိုင်တော့ ကိုယ်တိုင် မသိ ဘူးလား။”

“သိပါတယ်ဘုရား”

“ဒါကြောင့် မိမိတို့ရဲ့ သဒ္ဓါတရားနဲ့ ဓမ္မစွမ်းအားတွေ ဓမ္မသတ္တိတွေ ဖြစ်လာတဲ့အခါကျတော့ အဲဒီ ဓမ္မစွမ်းအားတွေ ကနေပြီးတော့ ပို့ဆောင်သွားတာ။ မဟာပလ္လင် ငါ ထိုင်ကြည့် ဦးမှပဲ။ ဟုတ်တယ် မဟုတ်လား။ ဓမ္မစွမ်းအားတွေနဲ့ သဒ္ဓါတွေ

တက်ပြီး ဓမ္မစွမ်းအားနဲ့ ထိုင်ကြည့်လိုက်တာနော်။ အဲဒီအခါကျတော့ ယောဂီတို့ရဲ့ အသိဉာဏ်တွေ တစ်ထိုင်နဲ့ တစ်ထိုင် တူသလား။”

“မတူပါဘုရား။”

## ယောနိသော မနသိကာရ – နှလုံးသွင်းရမယ်

“ဒါကြောင့် အဲဒီအခါမှာ ဘယ်နည်းနဲ့ပဲထိုင်ထိုင်၊ ဘယ် ကြိယာပုတ်နဲ့ပဲ အားထုတ်ထုတ် နှလုံးမသွင်းရင် တရားအသိ တိုးပါ့မလား။”

“မတိုးပါဘုရား”

“မတိုးဘူးနော်။ ယောဂီတို့ အဲဒါ သဘောပေါက်ထားပါ။

အဲဒီတော့ ယောဂီတို့ ကြိယာပုတ်ကို မိမိကြိုက်သလို ထိုင်သွား။ နှစ်သက်သလို ထိုင်သွား။ ကိုယ်ကြိုက်တဲ့ ကြိယာပုတ်နဲ့ထိုင်။ မဟာပလ္လင် ထိုင်နိုင်တဲ့သူက မဟာပလ္လင်ထိုင်ပေါ့။ မဟာပလ္လင်မထိုင်နိုင်လည်း နောက်ထပ် ထိုင်နိုင်အောင် ကြိုးစားကြည့်ပေါ့။ အဲဒီတော့ ယောနိသော မနသိကာရ- နှလုံးသွင်းရမယ်။ ဘာလုပ်ရမှာလဲ။”

“နှလုံးသွင်းရမှာပါဘုရား။”

“ယောနိသော မနသိကာရ- နှလုံးသွင်း ရှုမှတ်ခြင်းမှ မရှိဘဲနဲ့ နာရီရှည် ထိုင်တာတွေ၊ မဟာပလ္လင်ထိုင်တာတွေကို



အဲဒီအပေါ်မှာ သွားပြီးစိတ်က ရောက်နေရင်၊ တင်နေရင် ယောဂီတို့ ခန္ဓာမှာ အရှုခံဆိုတဲ့ ရုပ်နာမ်သင်္ခါရသဘောတရားတွေရဲ့ ဖြစ်ပျက်ကို မြင်ပါဦးမလား။”

“မမြင်ပါဘုရား။”

“ကြိယာပုတ်ကို ဦးစားပေးပြီး၊ အထိုင်ကို ဦးစားပေးပြီးတော့ သူများတွေတောင် ထိုင်နိုင်သေးတာ ငါ ဘာလို့ မထိုင်နိုင်ရမှာလဲ။ သူများတွေက (၂)နာရီ၊ ငါက (၄)နာရီ၊ (၆)နာရီ အားထုတ်မယ်။ သူများတွေက ရိုးရိုးထိုင်ရင် နှစ်ဖက်တင် မဟာပလ္လင်ထိုင်ပြလိုက်မယ်ဆိုတော့ အဲဒီစိတ်ဟာ သူ့သဘောလား။ ငါ့သဘောလား။”

“ငါ့သဘောပါဘုရား”

“ငါ့သဘောနဲ့ ထိုင်တာ။ အဲဒီလို ထိုင်လိုက်တဲ့အခါကျတော့ ငါ့သဘော ရောက်နေတဲ့ စိတ်ကို စဉ်းစားကြည့်။

ကြိယာပုတ်ကို ဦးစားပေးပြီးတော့ ကြိယာပုတ်ပေါ် စိတ်က တင်မနေဘူးလား။”

“တင်နေပါတယ်ဘုရား”

“အဲဒီတော့ ယောဂီတို့ မဟာပလ္လင်ထိုင်နေဖို့က အဓိကလား။ အသိဉာဏ်ဖြစ်ဖို့က အဓိကလား။”

“အသိဉာဏ်ဖြစ်ဖို့က အဓိကပါဘုရား။”

“အသိဉာဏ်ဖြစ်ဖို့က အဓိကဖြစ်တယ်။ ဒါဖြင့်ရင် မဟာ

ပလ္လင် ဘာဖြစ်လို့ ထိုင်တာလဲ။"

**သေခါနီးဖြစ်လာမယ့် ဆင်းရဲကြီးကို ဘယ်လိုနှလုံးသွင်းမလဲ**

"ယောဂီတို့ရဲ့ ဓမ္မစွမ်းအားတွေ ဖြစ်လာလို့ မဟာပလ္လင် ထိုင်ကြည့်တာ။ ထိုင်ကြည့်လိုက်တဲ့အခါကျတော့ မဟာပလ္လင် ထိုင်တဲ့အခါမှာ ဖောက်ပြန်လာတဲ့ ဓာတ်(၄)ပါးတွေနဲ့ မခံသာတဲ့ ဝေဒနာသဘောတရားကို ဘယ်လို ငါ ရှုမလဲ။ လွတ်တဲ့စိတ်က ဘယ်စိတ်လဲ။ မလွတ်တဲ့စိတ်က ဘယ်စိတ်လဲ။ သိမသွားဘူးလား။"

"သိသွားပါတယ်ဘုရား"

"မဟာပလ္လင်ထိုင်လို့ ဖြစ်လာတဲ့ ဒုက္ခဝေဒနာထက် သေခါနီးမှာ ခံစားရမယ့် ဒုက္ခဝေဒနာကို ယှဉ်ကြည့်။ ဘယ်ဟာက ပိုဆင်းရဲမလဲ။"

"သေခါနီးမှာ ပိုဆင်းရဲပါတယ်ဘုရား"

"မဟာပလ္လင်ထိုင်လို့ဖြစ်တဲ့ ဒုက္ခဝေဒနာနဲ့ သေခါနီးမှာဖြစ်တဲ့ ဒုက္ခဝေဒနာသည် ဘယ်ဟာက ပိုဆင်းရဲသလဲ။

"သေခါနီးမှာ ပိုဆင်းရဲပါတယ်ဘုရား"

"မဟာပလ္လင်ထိုင်တဲ့ ဒုက္ခဝေဒနာထက် သေခါနီးမှာ သေဖို့ နှိပ်စက်နေတဲ့ ဒုက္ခဝေဒနာ ဆင်းရဲကြီးက ပိုတယ်။

မဟာပလ္လင်ထိုင်တဲ့ ဒုက္ခဝေဒနာကိုမှ သည်းမခံနိုင်ရင် သေခါနီး ဖြစ်လာမယ့် ဆင်းရဲကြီးကို ဘယ်လို နှလုံးသွင်း



မလဲ။ ဘယ်လို ရှုမလဲ။ ဘယ်လို စိတ်ပြောင်းမလဲ။ ဒါလေးကို သိထား။

**သတိ မလိုက်နိုင်တဲ့အခါ ထိနမိဒ္ဓ ဝင်မယ်၊ မဝင်ရင် ဥဒ္ဓစ္စ**

ဘုန်းကြီးတို့ ဟောခဲ့ပြီးပြီ။ တချို့ကလည်း မေးတယ်။ အရှင်ဘုရားတို့ သဲအင်းဂူ ဝိပဿနာရှုနည်းက မဟာပလ္လင် ထိုင်မှ တရားရမှာလား။ ဘုန်းကြီး အမေးခံရတယ်။

ဘုန်းကြီး ၂၀၀၅-ခု၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် ရန်ကုန်မှာ သွားယူတဲ့အခါကျတော့ ကမ္ဘာအေးလိုဏ်ဂူကြီးထဲမှာ တွေ့တဲ့ တချို့ဆရာတော်တွေနဲ့ ဒီလို ဓမ္မသာကစ္ဆာ လုပ်ကြတယ်။ မေးကြတယ်။ အရှင်ဘုရား ဘယ်ကတုန်း။ ဘုရားတပည့်တော် သဲအင်းဂူကပါ။ အရှင်ဘုရားတို့ သဲအင်းဂူက မဟာပလ္လင် ထိုင်တယ်။ ဒါဟာ ဝေဒနာကို ဖော်ထိုင်တာ မဟုတ်ဘူးလား။ ဒီလို ဝေဒနာကို ဖော်ထိုင်နေရင် အတ္တကြီးနဲ့ တရားအားထုတ်နေတာ မဟုတ်ဘူးလား။ မေးခွန်းတွေ အမေးခံရတယ်။

အဲဒီတော့ အရှင်ဘုရား တပည့်တော် အရှင်ဘုရားကို ရိုသေစွာ ပြန်လည်လျှောက်ထားပါတယ်။

မဟာပလ္လင် ထိုင်နည်းဆိုတာကလည်းပဲ ဘုရားတပည့်တော်တို့ဟာ ယောဂီတွေကို မထိုင်မနေရ နည်းတစ်ခု စနစ်တစ်ခုအနေနဲ့ ထားပြီးတော့ ထိုင်ခိုင်းတာ မဟုတ်ပါဘူး။

ဘုရားတပည့်တော်တို့ရဲ့ မူလကျေးဇူးရှင် သဲအင်းဂူ ဆရာ

တော်ဘုရားကြီး လက်ထက်တုန်းကလည်းပဲ ယောဂီတွေအားလုံးကို မဟာပလ္လင်ထိုင်ရမယ်လို့လည်းပဲ ဆရာတော်ကြီးက ထိုင်ဖို့လို့ 'မထိုင် မနေရ' လို့ မပြောခဲ့ပါဘူး။

ဒါပေမယ့် မိမိရဲ့သဒ္ဓါတရားနဲ့ ဣရိယာပုတ်ရိုးရိုး ထိုင်နေတဲ့အခါမှာ ထိုင်တဲ့ အလေ့အကျင့်တွေက များလာတယ်။ အလေ့အကျင့် များလာတော့ ရိုးရိုးထိုင်နေတဲ့ ဣရိယာပုတ်နဲ့ ထိုင်နေတဲ့အခါကျတော့ တချို့ ယောဂီတွေက ကာယိကဒုက္ခဝေဒနာဖောက်ပြန်ချက်တွေဟာ မလာတော့ဘဲနဲ့ ကြမ်းကြမ်းတမ်းတမ်း မဖြစ်တော့ဘဲနဲ့ နူးညံ့ သိမ်မွေ့တဲ့ ကာယိကသုခဝေဒနာတွေဖြစ်လာတယ်။

မခံသာတဲ့အခါကျတော့ လူ့ရဲ့ စိတ်ကလေးဟာ အဲဒီအချိန်မှာ မခံသာတဲ့ ရုပ်ရဲ့ဖောက်ပြန်မှု ဒဏ်ချက်တွေကို စိတ်က မခံနိုင်ပါ။ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖောက်ပြန်လာတဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးဟာ အရှင်ဘုရားတို့လည်း တရားအားထုတ်နေတာပဲ။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာ ထုံကျဉ်သြောင်းညာကိုက်ခဲတွေ ရှင်းပြီးတော့ ပေါ့ပါးပြီးတော့ ခံသာတဲ့ သုခဝေဒနာလေးကို ရောက်တဲ့အခါမှာ အဲဒီအချိန်မှာ သတိနဲ့ မဖမ်းနိုင်တော့ဘူး။ သတိနဲ့ မဖမ်းနိုင်တော့ စိတ်က ဘာဖြစ်လာလဲဘုရား။

ရှုရင်း ရှုရင်းနဲ့ သတိက နည်းနည်းလာတယ်။ ဘာဖြစ်လို့ သတိ နည်းလာသလဲ။ သုခဝေဒနာရဲ့ နူးညံ့သိမ်မွေ့မှုတွေက



နူးညံ့သည်ထက် သိမ်မွေ့သိမ်မွေ့လာသည့်အခါမှာ သတိက မလိုက်နိုင်တဲ့ အခါကျတော့ စိတ်က ဘာဖြစ်သွားသလဲ။ အဲဒီအချိန်မှာ ဖိုးခနဲ ဆတ်ခနဲ ငိုက်သွားတယ်။ ထိနမိဒ္ဓ ဝင်တယ်။ မဝင်ရင် ဥဒ္ဓစ္စ။ အရှင်ဘုရား စိတ်ပျံ့လွင့်သွားပြီ။ ဒါ အရှင်ဘုရား ဘယ့်နှယ် ပြောမလဲ။ ဒါအရှင်ဘုရား တရားအားထုတ်ခဲ့ဖူးတာပဲ။ ရိပ်သာတစ်ခုက ဆရာတော်ကြီးက ဘုန်းကြီးကို မေးတာ။

အရှင်ဘုရားသည်ပင်လျှင် ဒီတရားတွေ အားထုတ်လို့ ကမ္မဋ္ဌာနာစရိယ ဖြစ်တာပဲ။ အရှင်ဘုရား အဲဒီအချိန်မှာ ဘယ်လို စိတ်ပြောင်းမလဲ။ အရှင်ဘုရားတို့ ရှုနည်းနဲ့ဆိုရင် အရှင်ဘုရားတို့ အဲဒါကို ဘယ့်နှယ်လုပ်မလဲ။ ဒါအရှင်ဘုရားတို့ ရှုနည်းလည်း သိပါတယ်။ အရှင်ဘုရားတို့ ရှုနည်းကိုလည်း တပည့်တော်က တပည့်တော် ငယ်ဆရာနဲ့ အဲဒီမှာ နေစဉ်တုန်းက ကျောင်းသားဘဝတုန်းက ဆရာတော် ခေါ်သွားလို့ အဲဒီရိပ်သာမှာ တရားအားထုတ်ဖူးတယ်။ (တပည့်တော်ငယ်ဆရာက ဓမ္မာစရိယ ဖြစ်တယ်။ ဝိနယဂရုကလည်းဖြစ်တယ်။) ဘယ်လို စိတ်ပြောင်းမလဲ။ တပည့်တော်ကို မိန့်တော်မူပါဘုရား။ အဲဒီတော့ သူ စဉ်းစားသွားတယ်။ တွေဝေသွားတယ်။

တကယ်တမ်းလည်းပဲ ယောဂီတို့ ဒုက္ခဝေဒနာတွေ ချုပ်သွားလို့ သုခဝေဒနာ ရောက်ရင် ခံသာသလား။ မခံသာဘူးလား။”

"ခံသာပါတယ်ဘုရား"

"ခန္ဓာကိုယ် ပေါ့ပါးပြီး ချမ်းသာနေတဲ့အခါကျတော့ ယောဂီတို့ တစ်ခါတလေ စိတ်တွေက ဟိုရောက်ဒီရောက် မရောက်ဘူးလား။ မငိုက်ဘူးလား။ ငိုက်တဲ့အခါကျတော့ ခြေထောက်ကို ဣရိယာပုတ်ပြောင်းပြီး တစ်ဖက်တင် ထိုင်ကြည့်။ တစ်ဖက်တင်ထိုင်တဲ့အခါကျတော့ မခံသာတဲ့ ဒုက္ခဝေဒနာတွေ ဖြစ်မလာဘူးလား။ ဖြစ်လာရင် အိပ်ချင်တဲ့ စိတ်၊ ငိုက်မျည်းချင်တဲ့စိတ် ဖြစ်သေးလား။"

"မဖြစ်ပါဘုရား"

"ဘာဖြစ်လို့လဲ။ ပစ္စုပ္ပန် ပေါ်လာတဲ့ဓာတ်ကြီး (၄)ပါး ရုပ်တရားတွေရဲ့ မခံသာဘူးဆိုတဲ့ ကာယိကဒုက္ခဝေဒနာ ပေါ်လာတဲ့ အခါကျတော့ စိတ်ဟာ မနေနိုင်တော့ဘူး။

အဲဒီတော့ အိပ်ချင်တဲ့စိတ် ရှိသေးလား။ ဟိုဟိုဒီဒီ ပျံ့လွင့်သေးလား။"

"မပျံ့လွင့်ပါဘုရား။"

## ပစ္စုပ္ပန် ဝေဒနာကို အသိကပ်နေပါ

"မပျံ့လွင့်တော့ဘူး။ ဟုတ်ရဲ့လား။ ကဲ ဆိုကြပါစို့... တစ်ခါတစ်ရံ ယောဂီတို့ မိမိတို့ရဲ့ နေ့စဉ်ဘဝထဲမှာ တချို့ ခေါင်းတွေ အရမ်းကိုက်နေတယ်။ အဲဒီ ခေါင်း ပြင်းပြင်းထန်ထန် ကိုက်နေတဲ့အချိန်လေးမှာ ခေါင်းကြီးတစ်ခုလုံး ကိုက်ခဲပြီး နေတဲ့အချိန်လေးမှာ ယောဂီတို့စိတ် ဘယ်ရောက်တုန်း။ အတိတ်ပြန်တွေးတဲ့စိတ် ဖြစ်သေးလား။



"မဖြစ်ပါဘုရား"

"စဉ်းစားကြည့်နော်၊ မနေ့က တွေ့ခဲ့၊ ကြုံခဲ့တာ၊ လုပ်ခဲ့ကိုင်ခဲ့တာဆိုတဲ့ အတိတ်အာရုံကို ပြန်တွေးတဲ့စိတ် ဖြစ်သေးလား။"

"မဖြစ်ပါဘုရား"

"မနက်ဖြန် ငါ ဘယ်သွားမယ် စတဲ့ အနာဂတ်အာရုံ လှမ်းမျှော်ပြီး တွေးနေတဲ့စိတ် ဖြစ်သေးလား။"

"မဖြစ်ပါဘုရား"

"အဲဒီအချိန်မှာ စိတ်တွေ ဟိုရောက်ဒီရောက် ရောက်သေးလား။"

"မရောက်ပါဘုရား"

"စိတ်ပျံ့လွင့်သေးလား။"

"မပျံ့လွင့်ပါဘုရား"

"ဘာဖြစ်လို့လဲ။ ခေါင်းကြီး ကိုက်နေလို့။ ခေါင်းကြီး ကိုက်တယ်ဆိုတာ အတိတ်လား။ ပစ္စုပ္ပန်လား။"

"ပစ္စုပ္ပန်ပါဘုရား"

"မရောက်သေးတဲ့ အနာဂတ်လား။ ပစ္စုပ္ပန်လား။"

"ပစ္စုပ္ပန်ပါဘုရား"

"ပစ္စုပ္ပန် ခေါင်းကြီးက ကိုက်လာ၊ ကိုက်သည်ထက် ကိုက်လာတော့ ပစ္စုပ္ပန်ဝေဒနာ မထင်ရှားဘူးလား။"

"ထင်ရှားပါတယ်ဘုရား။

"ခေါင်းကြီးကိုက်နေတဲ့ ပစ္စုပ္ပန်ဝေဒနာ ထင်ရှားတော့ စိတ်က ထင်ရှားတဲ့နေရာလေးကို ညွှတ်ပြီးတော့ သိမနေဘူးလား။ ကဲ စိတ်တွေ ပျံ့လွင့်သေးလား။"

"မပျံ့လွင့်ပါဘုရား"

"ခေါင်းကြီး ကိုက်နေတဲ့အချိန် အိပ်ချင်တဲ့စိတ် ဖြစ်သေးလား။"

"မဖြစ်ပါဘုရား"

"ဒါ ဉပမာနော်။ တရားထိုင်တဲ့ ယောဂီက တရားထိုင်လိုက်တဲ့အခါမှာ ကာယိကဒုက္ခဝေဒနာတွေ ဖြစ်လာတဲ့အခါကျတော့ စိတ်တွေဟာ ပျံ့လွင့်သေးလား။"

"မပျံ့လွင့်ပါဘုရား"

"ဟိုရောက်ဒီရောက်၊ ရောက်သေးလား။ အိပ်ချင်တဲ့စိတ် ဖြစ်သေးလား။ မဖြစ်တော့ဘူး။"

"ပစ္စုပ္ပန်ခန္ဓာက ဖောက်ပြန်လာတဲ့ ကာယိကဒုက္ခတွေက နှိပ်စက်တော့ မခံသာတဲ့ဝေဒနာတွေ ဖြစ်လာပြီ။ မခံသာတဲ့ ဝေဒနာလေး ဖြစ်လာတော့ စိတ်ကလေးက အဲဒီအပေါ်မှာ ရောက်မသွားဘူးလား။"



"ရောက်သွားပါတယ်ဘုရား။"

"ပစ္စုပ္ပန်ဝေဒနာလေးကို အသိ ကပ်မနေဘူးလား။ ကောင်းပြီ။ ဒါဖြင့် နှစ်ဖက်တင် မဟာပလ္လင် ထိုင်လိုက်ပြီ။ အဲဒီအခါမှာ အထိုင်ကပိုပြီး ခိုင်ခံ့ပြီးတော့ မသွားဘူးလား။"

"ခိုင်ခံ့သွားပါတယ်ဘုရား။"

## လွတ်စိတ်ကလေးနဲ့ ထိုင်သွားတာ

"မဟာပလ္လင်ထိုင်တဲ့အချိန်မှာ ယောဂီတို့ လှုပ်ကြည့်ရလား။"

"မရပါဘုရား။"

"လှုပ်ကြည့်…ရလား။"

"မရပါဘုရား"

"ဘာဖြစ်လို့လဲ။ အထိုင်က ခိုင်ခံ့နေပြီလေ။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"အဲဒီအခါကျတော့ ယောဂီတို့ ထိုင်လိုက်တဲ့အခါမှာ ပြင်းထန်စွာသော ကာယိကဒုက္ခဝေဒနာတွေ ဖြစ်မလာဘူးလား။ ဖြစ်လာလို့ရှိရင် အဲဒီအချိန်အခါမှာ တစ်ဖက်တင် ထိုင်တာထက်

နှစ်ဖက်တင် မဟာပလ္လင် ထိုင်လိုက်တာက ပိုပြီးတော့ ဝေဒနာတွေဟာ မခံနိုင်တော့ဘူး။ အဲဒီအခါကျတော့ ဒီအပေါ်မှာ တစ်ဖက်တင် ထိုင်တုန်းက ရှုတဲ့သမာဓိနဲ့ နှစ်ဖက်တင်ထိုင်တဲ့အခါ ရှုတဲ့သမာဓိ တူပါဦးမလား။"

"မတူပါဘုရား"

"တစ်ဖက်တင်တုန်းက သမာဓိဟာ ဆိုပါစို့။ တစ်ကျပ်သားလောက် သမာဓိရှိရင် မဟာပလ္လင်ကျတော့ နှစ်ကျပ်သားလောက် သမာဓိ ပြန်မထူထောင်ရဘူးလား။

ဘာဖြစ်လို့လဲ။ ဝေဒနာတွေ ပြင်းထန်လို့။ အဲဒီဝေဒနာတွေ ပြင်းထန်လာတဲ့အခါကျတော့ ဝေဒနာက နှစ်ကျပ်သားဆိုရင် သမာဓိကလည်း အရှုနှစ်ကျပ်သားလောက်နဲ့ သွားပြီးတော့ ဝေဒနာနဲ့ သမာဓိ ဘောင်ချိန်ရတယ်။

အဲဒီလို ရှုလိုက်တော့ ရသွားပြီဆိုတဲ့အခါကျတော့မှ ယောဂီတို့ မဟာပလ္လင်ထိုင်လို့ ရသွားပြီဆိုရင် အဲဒီအချိန်အခါမှာ လုံး၀ ငြိမ်သွားတဲ့စိတ်ဟာ အရှုခံသင်္ခါရဆိုတဲ့ ပရမတ်သဘောတရားတွေကို ရှုရင်းနဲ့ သဘောပျက်ကို ရောက်သွားလို့ ပဋ္ဌဝိညာဏ်စိတ် ချုပ်သွားတာနဲ့ တစ်ပြိုင်နက် အဲဒီ မဟာပလ္လင်ထိုင်တဲ့ပုဂ္ဂိုလ်ဟာ လွတ်စိတ်ဖြစ်သွားပြီ။ မဟာပလ္လင် ငြိမ်နေပြီ။ အဲဒီ မဟာပလ္လင်ထိုင်တဲ့သူ သွားကြည့်။ တံတွေးလည်း မမျိုတော့ဘူး။ မျက်လုံးလေးတွေ မျက်တောင်လေးတွေလည်း မခတ်တော့ဘူး။ ငြိမ်သွားပြီ။ ငြိမ်ပြီးတော့ သွားတယ်။ ဘာကြောင့်လဲ။

မဟာပလ္လင်ထိုင်ခြင်း ဣရိယာပုတ်ကနေပြီးတော့ အဲဒီမှာ အရှုခံဆိုတဲ့ ရုပ်နာမ် သင်္ခါရ အပျက်သဘောတွေ ရှုနေရင်းနဲ့ အဲဒီမှာ ပဋ္ဌဝိညာဏ် ချုပ်ပြီးတော့ မနောဝိညာဏ်သိစိတ်ကလေးနဲ့ အဲဒီမှာ နေနေတာ။ မဟာပလ္လင် ဘယ်နှနာရီ ထိုင်မလဲ။ (၂)နာရီ၊ (၃)နာရီ၊ (၄)နာရီ ထိုင်မလား။

အဲဒီ လွတ်စိတ်ကလေးနဲ့ ထိုင်တာ အဲဒီ လွတ်စိတ်ကလေးနဲ့ ထိုင်သွားတယ်။ အဲဒီ လွတ်စိတ်ကလေးနဲ့ ထိုင်သွားတယ်။ ဒါကြောင့် ဘုန်းကြီးက ၂၀၁၂-ခုနှစ်မှာ မလေးရှားကို လာတယ်။ ၂၀၁၂-ခုနှစ်မလာခင် ဘုန်းကြီးရဲ့တပည့် တရားပြဆရာမောင်ကေသာဦးက ပြောတယ်။ တစ်နေ့အားရက်မှာ ဘုရားတပည့်တော် မဟာပလ္လင် ၂၄-နာရီ ထိုင်တယ်။"

"ဘယ်နှနာရီ ထိုင်တာလဲ"

"၂၄-နာရီ ထိုင်တာပါဘုရား။"

## လွတ်စိတ်နဲ့ မဟာပလ္လင် ၂၄-နာရီထိုင်

"ယောဂီတို့ ယောဂီတို့ကို တရားပြနေတဲ့ ဆရာမောင်ကေသာဦးက မဟာပလ္လင်ကို ၂၄-နာရီ ထိုင်တာ။ ဘယ်နှနာရီပါလိမ့်။"

"၂၄-နာရီပါဘုရား။"

"ကျောက်ပန်းတောင်းကို ဖုန်းနဲ့ လှမ်းလျှောက်တယ်။ တပည့်တော် အားတဲ့နေ့လေးတစ်နေ့မှာ မဟာပလ္လင် ၂၄-နာရီ ထိုင်ပါတယ် အရှင်ဘုရားတဲ့။

ဟုတ်ပြီ။ ငါ့တပည့် မင်း ၂၄-နာရီ မဟာပလ္လင် ထိုင်တာ မင်း အရှူနဲ့သွားတာလား။ လွတ်တဲ့စိတ်နဲ့ နေတာလား။ သဒ္ဓါစိတ်နဲ့ ရှူပြီးတော့ မင်း သွားနေတာလား။ သမာဓိနဲ့ သွားနေတာလား။ မင်း လွတ်တဲ့စိတ်နဲ့ နေတာလား။ မင်း အဲဒီအချိန်မှာ ရှူသလား။"

"တပည့်တော် အရှူလည်း မရှူပါဘုရား။ အရှူနဲ့ မသွားပါဘူး။ လွတ်တဲ့စိတ်ကလေးနဲ့ တပည့်တော် နေပါတယ်။ အဲဒီတော့ ဆရာမောင်ကေသာဦးက ၂၄-နာရီ မဟာပလ္လင်ထိုင်တာသည် အရှူနဲ့ သွားတာလား။"

"မဟုတ်ပါဘုရား။"

"ဘာနဲ့ သွားတာလဲ။"

"လွတ်တဲ့စိတ်နဲ့ သွားတာ။ မဟာပလ္လင် ၂၄-နာရီ သူထိုင်နေနိုင်တာသည် အရှူသမာဓိနဲ့ ထိုင်နေတာလား။ လွတ်တဲ့စိတ်နဲ့ ထိုင်နိုင်တာလား။"

"လွတ်တဲ့စိတ်နဲ့ပါဘုရား။"

"သူ လွတ်တဲ့နေရာလေး ရောက်ဖူးတော့ လွတ်တဲ့နေရာလေးမှာ စိတ်ကလေးထားလိုက်တာ။ သိချင်ရင် ယောဂီတို့ရဲ့



တရားပြဆရာ မောင်ကေသာဦးကို မေး။

အဲဒီတော့ တပည့်··· တော်လိုက်တာ ငါ့တပည့်။ အဲဒါမှ ရှုနည်း မှန်တာ။ အဲဒါ တော်တယ် ငါ့တပည့်။ အဲဒါက ဘုန်းကြီးက သာဓု သာဓု သာဓု ··· ဆက်ထိုင်။

မင်းကို အမှန်အတိုင်း ဝန်ခံရင် ငါတောင်မှ မဟာပလ္လင်ကို ၆-နာရီပဲ ထိုင်ခဲ့ဖူးတယ်။ ဒီပြင် ထိုင်နည်းအမျိုးမျိုးတွေ လှည့်ထိုင်တယ်။ မထိုင်ဖူးတဲ့ ဣရိယာပုတ်တော့ ငါ့မှာ မရှိဘူး။

မောင်ကေသာ·· တပည့်ကိုလည်း ထိုင်နည်းတွေ အမျိုးမျိုး ဘုန်းကြီး ပြထားတာရှိတယ်။ လွတ်စိတ်နဲ့ ထိုင်လိုက်တာ မဟာပလ္လင် ၂၄-နာရီ။ ကဲ စဉ်းစားကြည့်ပါ။ မထိုင်ဖူးတဲ့သူဆိုရင် စဉ်းတောင် မစဉ်းစားဝံ့ဘူး။ ပြောရုံနဲ့တောင် လန့်နေတယ်။ ကြောက်နေတယ်။ ၂၄-နာရီတောင် ထိုင်ပါလား။

တို့ တရားပြနေတဲ့ ဆရာဦးကေသာဦးဟာ ဘာဖြစ်လို့ ၂၄-နာရီ ထိုင်နိုင်တာလဲ။ လွတ်တဲ့စိတ်ကလေးနဲ့ နေတာ။ လွတ်တဲ့စိတ်ကလေးက ဘာလဲ။ သိချင်လား။"

"သိချင်ပါတယ်ဘုရား။"

"သိချင်ရင် ဆရာ့ကို မေး။ ဘုန်းကြီးက ပြန်မှာကိုး။ မင်းတို့ဆရာက မလေးမှာ နေတာဆိုတော့ ဘုန်းကြီးက မြန်မာပြည် ပြန်မှာ။ ဟုတ်တယ် မဟုတ်လား။ ၁၀-ရက်နေ့ဆို ပြန်တော့မှာ။ ဘယ်သူ ကျန်နေမှာတုံး။ ဆရာ့ကို မေး။ ဆရာက

ဆက်ပြီး တရားပြမှာ။ အဲဒါ လွတ်တဲ့စိတ်နဲ့ နေနိုင်တာပေါ့။ ဒါလေး ထားလိုက်တော့··· အဲဒီအခါကျတော့-

## သင်္ခါရသဘောတွေရဲ့ဖြစ်ပျက်ကို မြင်လာတယ်

“**သမ္မာပဋိပန္နော**- မှန်စွာ ကျင့်နေသောသူသည်၊ **ယောနိသော မနသိကာရေန**- အသင့်အတင့် နှလုံးသွင်းသောအားဖြင့်၊ **သင်္ခါရာနံ**- ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏၊ **ဥဒယဗ္ဗယံ**- ဖြစ်ခြင်း ပျက်ခြင်းကို၊ **သမ္မသမာနော**- ကောင်းစွာမြင်သည် ဖြစ်၏။

ရုပ်နာမ်သင်္ခါရတို့ရဲ့ သဘောတွေဖြစ်နေ၊ သဘောတွေ ပျက်နေတဲ့ စာအားဖြင့် ဥဒယဗ္ဗယဉာဏ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ် ရောက်သွားပြီ။ သဘောဖြစ် သဘောပျက်။ ဖြစ်ပျက်သဘော တွေကို **သမ္မသမာနော**- မြင်နေပြီ၊ သိနေပြီ။ လူက မြင်တာ လား။ ဉာဏ်က မြင်တာလား။”

“ဉာဏ်က မြင်တာပါဘုရား။”

“လူက သိတာလား။ ဉာဏ်က သိတာလား။”

“ဉာဏ်က သိတာပါဘုရား။”

“ဟုတ်ပြီ·· ဥဒယဆိုတာ ဖြစ်တာ။ ဝယဆိုတာ ပျက်တာ။ ဖြစ်တာ ပျက်တာ။ အဲဒီ ဖြစ်တာ ပျက်တာကို သိနေတာ လူလား၊ ဉာဏ်လား။”

“ဉာဏ်ပါဘုရား။”



“**သင်္ခါရာနံ**- သင်္ခါရတရားတို့၏၊ **ဥဒယဗ္ဗယံ**- ဖြစ်ခြင်း ပျက်ခြင်းကို၊ **သမ္မသမာနော**- ကောင်းစွာ မြင်သည် ဖြစ်၏။ အဲဒီမှာ အဖြစ်တွေ အပျက်တွေ မြင်လာပြီ။

**နိဗ္ဗာနံ**- ဆင်းရဲခပ်သိမ်း ချုပ်ပြတ်ငြိမ်းတဲ့ မြတ်နိဗ္ဗာန်ကို၊ သင်္ခါရတရားတို့ရဲ့ ဖြစ်သဘော၊ ပျက်သဘောဆိုတဲ့ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို၊ **သစ္ဆိကရောတိ**- မျက်မှောက်ပြု၏။

အဲဒီတော့ အရှုခံဆိုတဲ့ ရုပ်နာမ်သင်္ခါရ သဘောဖြစ် သဘောပျက်တွေကို မမြင်ဘဲနဲ့ ဖြစ်ခြင်း ပျက်ခြင်း ဆိတ်သုဉ်း နေတဲ့ နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်ပါ့မလား။ မရောက်နိုင်ဘူး။ ဒါပေမယ့် ယောဂီတို့ရဲ့ ဝိပဿနာ ရှုနည်း ကျင့်နည်းသည် ဘုန်းကြီးတို့ နည်းလား။ ဘုရား ညွှန်ကြားတဲ့နည်းလား။”

“ဘုရား ညွှန်ကြားတဲ့နည်းပါဘုရား”

“ဘုရား ညွှန်ကြားတော်မူတဲ့အတိုင်း ဒီကနေ့ ဘုန်းကြီး တို့ရဲ့ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီးက ကိုယ်တိုင် ကျင့်ပြီးတော့ ကိုယ်တိုင် သစ္စာဓမ္မတွေကို သိသွားတာ။ ဆရာ တော်ဘုရားကြီးရဲ့ ဥပနိဿယနဲ့ ရှုနည်း ကျင့်နည်းတွေဟာ မှားသလား။”

“မမှားပါဘုရား။”

“အမှန်တရားကို ကျင့်နေရင် ယောဂီတို့ရဲ့ ဝိပဿနာ ရှုလာတဲ့ ၉-ရက်ဆိုတဲ့ ဒီအတွင်းမှာ အရှုခံဆိုတဲ့ သင်္ခါရသဘော

တွေရဲ့ ဖြစ်ပျက်ကို မြင်မလာဘူးလား။"

"မြင်လာပါတယ်ဘုရား။"

"ဒါ ရှင်းတယ်နော်။ ဓာတ်သဘာ်ရ ရှုလည်း သဘော ဖြစ်ပျက်ပဲ။ ရုပ်ဖောက်ပြန်တဲ့ သဘောရှုလည်း ဖြစ်ပျက်ပဲ။ ဝေဒနာ ခံစားတဲ့သဘောရှုလည်း ဖြစ်ပျက်ပဲ။ စိတ်ရှုလည်း ဖြစ်ပျက်ပဲ မဟုတ်လား။ အဲဒီ အဖြစ်အပျက်တွေ မြင်လာတာ။ ဖြစ်ခြင်း ပျက်ခြင်း ဒါကို စာပေက ပြောတာ။ စာပေက ညွှန်ကြားတာ။"

## နိဗ္ဗာန်ဆိုတာ ပရမတ်သုညတ

"သဘာ်ရ ရုပ်နာမ် ဖြစ်ပျက် ဆိတ်သုဉ်းနေတဲ့သဘော။ ရုပ်နာမ် ဆိတ်သုဉ်းနေတဲ့ သဘောသည် နိဗ္ဗာန်။ ဖြစ်ခြင်း ပျက်ခြင်း ဆိတ်သုဉ်းနေတဲ့ သဘောသည် ဘာလဲ။"

"နိဗ္ဗာန်ပါဘုရား။"

"ရုပ်နာမ်ဆိတ်သုဉ်းနေတဲ့ သဘောသည် ဘာလဲ။ နိဗ္ဗာန်။ နိဗ္ဗာန်ဆိုတာ ဘာလဲလို့ မေး။ ပရမတ် သုညတ။"

"နိဗ္ဗာန်ဆိုတာသည် ပရမတ် သုညတ။ နိဗ္ဗာန်ဆိုတာ ဘာလဲ"

"ပရမတ် သုညတပါဘုရား။"

"ပရမတ် သုညတသည် ဘာလဲ။ သန္တိသုခ"



"ပရမတ် သုညတဆိုတာ ဘာလဲ"

"သန္တိသုခပါဘုရား။"

"သန္တိသုခ၊ သန္တိသုခသည် အမြဲ ငြိမ်းအေးချမ်းသာတဲ့ သဘော။ သန္တိသုခသည် ဘာလဲ"

"ငြိမ်းအေးချမ်းသာတဲ့ သဘောပါဘုရား။"

"ငြိမ်းအေးချမ်းသာတဲ့ သဘောလေး။ အဲဒီ ငြိမ်းအေးချမ်းသာတဲ့ သဘောမှာ ဖြစ်ခြင်း ပျက်ခြင်းဆိတ်သုဉ်းနေတဲ့ သဘော။ ရုပ်နာမ် ဆိတ်သုဉ်းနေတဲ့သဘော။ အဲဒီသဘောဟာ ဘာလဲဆိုလို့ရှိရင် ပရမတ်သုညတ"

"ဘာခေါ်ပါလိမ့်"

"ပရမတ်သုညတပါဘုရား။"

"ပရမတ်သုညတဆိုတာ ဘာလဲဆိုရင် လွန်မြတ်သော ချမ်းသာ။ ပရမတ်သုညတ ဆိုတာဘာလဲ။"

"လွန်မြတ်သော ချမ်းသာပါဘုရား။"

"လွန်မြတ်သော ချမ်းသာ။ လွန်မြတ်သော ချမ်းသာလို့ မှတ်ထားလိုက်။"

"ပရမတ်သုညတဆိုတာ ဘာလဲ။"

"လွန်မြတ်သော ချမ်းသာပါဘုရား။"

## ပုံသဏ္ဍာန်နိမိတ် ပညတ်နဲ့ နိဗ္ဗာန်ကို သွားလို့မရ

"ပရမတ် သုညတဖြစ်တဲ့ နိဗ္ဗာန်ကို ရချင် ရောက်ချင်ရင် နိဗ္ဗာန်ကို သွားချင်ရင် ဘာနဲ့ သွားရမလဲ။ ကဲ- ယောဂီတွေ·· ပရမတ် သုညတဖြစ်တဲ့ နိဗ္ဗာန်။ ငြိမ်းအေးချမ်းသာတဲ့ သဘောလေး။ လွန်မြတ်သော ချမ်းသာ။ ပရမတ်သုညတ နိဗ္ဗာန်ဆိုတာ လွန်မြတ်သော ချမ်းသာ။ လွန်မြတ်သော ချမ်းသာဆိုတာ နိဗ္ဗာန်။ နိဗ္ဗာန်ကို ဘာနဲ့ သွားမလဲ။ အဲဒီတော့ ယောဂီတို့ အားလုံး ရှင်းရဲ့လား။ ယောဂီတို့ ပရမတ်သုညတနိဗ္ဗာန်ကို ဘာနဲ့ သွားမလဲဆိုရင် ···

ခေါင်း ခါး ကိုယ် ခြေ လက်၊ ဟောဒီ အကောင်အထည်ကြီးနဲ့ ပုံသဏ္ဍာန် နိမိတ် ပညတ်နဲ့ နိဗ္ဗာန်ကို သွားလို့ ရမလား"

"မရပါဘုရား။"

"အကောင်အထည်ကြီးနဲ့ နိဗ္ဗာန်ကို သွားလို့ ရမလား"

"မရပါဘုရား။"

လက်ကြီး ခြေကြီး ခေါင်းကြီးတွေဆိုတဲ့ သဏ္ဍာန်တွေနဲ့ နိဗ္ဗာန်ကို သွားလို့ရပ့ါမလား။ နိဗ္ဗာန်မှာ လက်ခံစရာ နေရာမရှိ။ နိဗ္ဗာန်မှာ လက်ခံဖို့ နေရာမရှိဘူး။ သွားလို့ ရပ့ါမလား။"

"မရပါဘုရား။"

"ဒါဖြင့် ဘာနဲ့ သွားမလဲဆိုရင် သိဖို့ မလိုဘူးလား။"

"လိုပါတယ်ဘုရား။"



## မဂ္ဂင် ၈-ပါးနဲ့ နိဗ္ဗာန်သွားရမယ်

"အားလုံးတို့ယောဂီတွေက တရားဗဟုသုတတွေ ရှိတယ်။ တရားတွေ နားရည်ဝ။ တရားတွေ နာထားတာ။ ဒီကနေ့ ဆရာသမားတွေ၊ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်တွေ ဟောတဲ့ တရားတွေကို နာထားတယ်။ နိဗ္ဗာန်ကို ဘာနဲ့ သွားမလဲဆိုရင် မဂ္ဂင် ၈-ပါးနဲ့ သွားမယ်။ ဘုရားရှင်ကိုယ်တော်တိုင် မဂ္ဂင် ၈-ပါး ဟောထားတာပဲ။ အဲဒီမဂ္ဂင် ၈-ပါးနဲ့ သွားမှာ ဟုတ်တယ်မလား။

အဲဒီ မဂ္ဂင် ၈-ပါးနဲ့ သွားမယ်ဆိုတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ- 'သီလမဂ္ဂင်'။ အဲဒီ သီလမဂ္ဂင်နဲ့ သွားလို့ ရောက်ပ့ါမလား။"

"မရောက်ပါဘုရား။"

"သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ- 'သမာဓိမဂ္ဂင်'နဲ့ သွားလို့ ရောက်ပ့ါမလား။"

"မရောက်ပါဘုရား။"

"သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-'ပညာမဂ္ဂင်'နဲ့ ဘယ်ကို သွားရမလဲ။ နိဗ္ဗာန်။

နိဗ္ဗာန်ကို ပညာမဂ္ဂင်နဲ့ သွားမယ်ဆိုတော့ အဲဒီပညာက နိဗ္ဗာန်ကို သွားဖို့။ ပညာက နိဗ္ဗာန်ကို သွားမယ်ဆိုတော့ ဘာကို ပညာက မြင်ပြီး သိပြီးတော့ အဲဒီ ငြိမ်းအေးတဲ့သဘော နိဗ္ဗာန်ကို

ဘယ်လို ရောက်သွားမှာလဲ။ သိဖို့ မလိုဘူးလား။”

“လိုပါတယ်ဘုရား။”

“ယောဂီတို့ ပြောတာ မမှန်ဘူးလား။ မဂ္ဂင် ၈-ပါးနဲ့ သွားမယ်။ နိဗ္ဗာန်ကို သီလနဲ့ သွားလို့ မရဘူး။ သမာဓိနဲ့ သွားလို့ မရဘူး။ ပညာနဲ့ သွားမယ်။ အဲဒီပညာဟာ ဘာတွေကို မြင်၊ ဘာတွေကို သိပြီးတော့ အဲဒီမှာ ပရမတ်သုညတခေါ်တဲ့ လွန်မြတ်သော ချမ်းသာ၊ ငြိမ်းအေးချမ်းသာတဲ့ နိဗ္ဗာန်ကို ဘယ်လို သွားမလဲ၊ သိဖို့ မလိုဘူးလား။”

“လိုပါတယ်ဘုရား။”

“နိဗ္ဗာန်ဆိုတာသည် ပရမတ် သုညတ၊ သန္တိသုခ၊ ငြိမ်းအေးတဲ့သဘော၊ ငြိမ်းအေးချမ်းသာတဲ့ သဘော မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား။”

“ငြိမ်းအေးချမ်းသာတယ် ပြောရတာနော်။ ငြိမ်းအေးချမ်းသာတဲ့သဘော ပရမတ် သုညတ။ နိဗ္ဗာန်ဆိုတာ ဘာလဲ”

“ငြိမ်းအေးချမ်းသာတဲ့ သဘောပါဘုရား။”

“ငြိမ်းအေးချမ်းသာတဲ့ သဘောလေးကို ယောဂီတို့ အခုန ပြောပြီးပြီ။ အကောင်အထည်ကြီးနဲ့လည်း သွားလို့ မရဘူး။ အကောင်အထည်ကြီးနဲ့ သွားလို့ မရတော့ ဘာနဲ့ သွားမလဲ။ အဲဒီမှာ သဘောနဲ့ သွားမယ်။”



## သဘောနဲ့ သဘောကို သွားပါ

“ဘာနဲ့ သွားမလဲ။ သဘောနဲ့ သွားမယ်။ သဘောနဲ့ သဘောကို သွားတာ။

ဒီကနေ့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ရှုနည်းနဲ့ဆိုရင်၊ ဆရာတော်ဘုရားကြီး ဩဝါဒတွေ၊ စကားတော်တွေ၊ ဆရာတော်ကြီးရဲ့ ရှုကွက်တွေနဲ့ဆိုရင် ဘုန်းကြီးတို့က ဘာနဲ့သွားမလဲ။

သဘောနဲ့ သဘောကို သွားမယ်။ သဘောနဲ့ သဘောကို သွားမှာ။ ဘယ်ကို သွားမှာလဲ”

“သဘောနဲ့ သဘောကို သွားမှာပါဘုရား။”

“သဘောနဲ့ ဘယ်ကို သွားမှာလဲ”

“သဘောကို သွားမှာပါဘုရား။”

“သဘောကို သွားမယ်။ ဟုတ်ရဲ့လား၊ မှန်ရဲ့လား။”

“မှန်ပါတယ်ဘုရား။”

“ယောဂီတို့ ဘုန်းကြီး ပြောတာ မှားများသွားသလား”

“မမှားပါဘုရား။”

“ဘာဖြစ်လို့ မမှားတာလဲ။”

“မှန်လို့ပါဘုရား။”

“ဘာဖြစ်လို့ မှန်တာလဲ။”

"မှန်လို့ပါဘုရား။"

"ယောဂီတို့ရဲ့ လောက ဝေါဟာရအသံတွေ ထွက်လာတယ်။ ဘုရားတပည့်တော်တို့ဘုရား … (၉)ရက်တိုင်တိုင် ဒီဝိသနာတရားတွေ အားထုတ်တော့ အရှုခံရုပ်နာမ် သင်္ခါရတရားတွေကို ကိုယ်တိုင်ရှုမှတ်အားထုတ်တော့-

"ဉာဏ်မှာ သဘောတွေဖြစ်ပြီး သဘောတွေ ပျက်တာကို မြင်ပါတယ်ဘုရား။"

"သဘောဖြစ် သဘောပျက်နေတဲ့ ဖြစ်ပျက်တွေ ဆိတ်သုဉ်းတဲ့ သဘောကို အရှုခံရုပ်နာမ်တွေ ဆိတ်သုဉ်းတဲ့ သဘောဆိုတဲ့သဘောကို အမှန်သိနေလို့၊ အမှန်မြင်နေလို့၊ ဘုရားတပည့်တော်တို့ သဘောကို သဘောနဲ့သွားမှာပါဘုရား။ ငြိမ်းအေးချမ်းသာနေတဲ့ သဘောကို သဘောနဲ့ သွားမှာပါဘုရား။ ဒီလိုဖြေရမှာ။"

"မှန်ပါဘုရား။"

## သဘောဆိုတာ သုညတ

ဒါကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာက- '**ဓာတွတ္ထော နာမ သဘာဝဋ္ဌော**' ဒါ အဋ္ဌကထာက ပြထာ။

"**ဓာတွတ္ထော နာမ သဘာဝဋ္ဌော**"

"ဓာတ်ဆိုတာ သဘောပါပဲ။ ဓာတ်ဆိုတာ ဘာလဲ။"

"သဘောပါဘုရား။"



"ဓာတ်ဆိုတာ ဘာလဲ၊ သဘောပဲ။"

"**သဘာဝဋ္ဌော နာမ သုညတ္တဋ္ဌော**"

"ဟောဒီ သဘောဆိုတာသည် 'သုညတ'တဲ့။ သုညတဆိုတော့ ဘာရှိသလဲ။"

"ဘာမှ မရှိပါဘုရား။"

"ဒါလေး သဘောပေါက်ထား။"

"သဘောဆိုတာ သုည"

"သဘောဆိုတာ ဘာလဲ။"

"သုညပါဘုရား။"

"သဘောဆိုတာ သုည ရှင်းတယ်နော်။"

"**သုညတ္တဋ္ဌော နာမ နိဿတ္တဋ္ဌော**"

"အဲဒီတော့ သုညတဆိုတာ ဘာလဲလို့ မေးရင် အသက်ဇီဝ လိပ်ပြာ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် ဆိတ်သုဉ်းနေတဲ့ သဘောတဲ့။

အဲဒီတော့ ယောဂီတို့ သဘောဆိုတာသည် ဘာလဲ။"

"သုညတပါဘုရား။"

"သုညတဆိုတာ ဘာလဲ။"

"သဘောပါဘုရား။"

"အေး… ဟုတ်ပြီ။ သဘောဆိုတာသည် ဘာလဲ၊

'သုညတ'။ သုညတဆိုတာသည် 'သဘော'။

'သဘော'နဲ့ 'သုညတ' အတူတူပဲနော်။ အဲဒီ သုညတဆိုတဲ့ သဘောလေးထဲမှာ အသက် ဇီဝ လိပ်ပြာ ရှိရဲ့လား။"

"မရှိပါဘုရား။"

"ပုဂ္ဂိုလ် သတ္တဝါ ရှိရဲ့လား။"

"မရှိပါဘုရား။"

"မရှိဘူး။ အကောင်အထည်ကြီး တွေ့ရဲ့လား။"

"မတွေ့ပါဘုရား။"

"မတွေ့ဘူး။ ဘာဖြစ်လို့လဲ။ သဘောသုညတ ဖြစ်နေပြီ။ အဲဒီမှာ သုညတ ဖြစ်မနေဘူးလား။"

"ဖြစ်နေပါတယ်ဘုရား။"

"သဘော သုညတ ဖြစ်မနေဘူးလား။ အရှုခံဆိုတဲ့ ရုပ်နာမ် သင်္ခါရတရားတွေရဲ့ သဘောဆိုတဲ့ သဘောပျက်ထဲမှာ အသက် လိပ်ပြာ ဝိညာဉ်လေး တွေ့လား။"

"မတွေ့ပါဘုရား။"

"ခေါင်း ခါး ကိုယ် ခြေ လက် ရှိလား။"

"မရှိပါဘုရား။"

"ယောကျာ်း မိန်းမ မြင်ရဲ့လား။"

"မမြင်ပါဘုရား။"



"အကောင်အထည် ပုံသဏ္ဍာန်တွေရော တွေ့သေးလား"

"မတွေ့ပါဘုရား။"

"ဒါဖြင့် ဘာလဲ။ သုညတ - သဘော သုညတ။

ဒါကြောင့်...

ဓာတ်သင်္ခါရ - သဘော သုညတ။

ရုပ်သင်္ခါရ - သဘော သုညတ။

ဝေဒနာ ခံစားတဲ့ သင်္ခါရ- ခံစားတဲ့ သဘော သုညတ။

စိတ်သင်္ခါရ -သိတတ်တဲ့ သဘောသုညတ။

ဒါ ဒီကနေ့ (၉)ရက်ဆိုတော့ အားလုံးသော တရားတွေကို စုပြီးတော့ ပေါင်းပြီးတော့၊ ခြုံပြီးတော့ ဟောတာ။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

## သဘောခန္ဓာကြီးကို ဉာဏ်နဲ့ခွဲမယ်

"ရှင်းတယ်နော်။ အေး...အဲဒီတော့ ခန္ဓာမှာ ရှုလိုက်တဲ့အခါကျတော့ ယောဂီတို့ ကောင်းပြီ...သဘောကို သဘောနဲ့သွားမယ်။ အရှုခံ ဓာတ်၊ ရုပ်၊ ဝေဒနာ၊ စိတ်-သင်္ခါရသဘောပျက်တွေကနေပြီးတော့ အဲဒီ အပျက်ချုပ်တဲ့ ဆိတ်သုဉ်းတဲ့ သဘော၊ ငြိမ်းအေးတဲ့ နိဗ္ဗာန်ကို သဘောနဲ့သွားတာ။ ဘာနဲ့သွားတာလဲ။"

"သဘောနဲ့ သွားတာပါဘုရား။"

"သဘောနဲ့သွားပြီဆိုတော့ ယောဂီတို့ သဘောနဲ့သွားတဲ့ အခါမှာ ဟောဒီမျက်စိနဲ့ မြင်ရတဲ့ အထည်ကိုယ်ကောင်ကြီး ဆိုတာသည် မျက်မြင်ခန္ဓာကြီး မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"မျက်မြင် ကိုယ်ခန္ဓာကြီးနဲ့ နိဗ္ဗာန်သွားလို့ရလား။"

"မရပါဘုရား။"

"ဒါဖြင့် သဘောနဲ့ သဘောကို သွားမယ်။ သဘောကို သွားတဲ့အခါကျတော့ ယောဂီတို့ရဲ့ သဘောခန္ဓာကြီး မရှိဘူး လား။"

"ရှိပါတယ်ဘုရား။"

"သဘောခန္ဓာကြီး မရှိဘူးလား။"

"ရှိပါတယ်ဘုရား။"

"ပကတိမျက်စိနဲ့ ကြည့်လို့မရတဲ့ ဉာဏ်မျက်စိနဲ့မှ မြင်နိုင်တဲ့ သဘောခန္ဓာရော မရှိဘူးလား။ ဘုန်းကြီးတို့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ အဲဒီ ခန္ဓာကြီးက မျက်မြင်ခန္ဓာလား။ သဘောခန္ဓာလား။"

"သဘောခန္ဓာပါဘုရား။"

"ပညတ်ခန္ဓာလား။ ပရမတ်ခန္ဓာလား။"



"ပရမတ်ခန္ဓာပါဘုရား။"

"အပြောခန္ဓာလား၊ သဘောခန္ဓာလား။"

"သဘောခန္ဓာပါဘုရား။"

"ငါမြင် ခန္ဓာလား၊ ဉာဏ်မြင် ခန္ဓာလား။"

"ဉာဏ်မြင် ခန္ဓာပါဘုရား။"

"အဲဒီ သဘောခန္ဓာကြီးကို ဘာနဲ့ ခွဲမလဲ။ ဉာဏ်နဲ့ ခွဲမယ်။ ဓားနဲ့ သွားခွဲလို့ ရပါ့မလား။"

"မရပါဘုရား။"

"သဘောခန္ဓာကြီး ဓားနဲ့ ခွဲပစ်လိုက်စမ်း။ ရလား။"

"မရပါဘုရား။"

"ဓားမပြောနဲ့။ ဒီကနေ့ကမ္ဘာမှာ အစွမ်းထက်တဲ့ အနုမြူ ဗုံးကြီးနဲ့ ဖောက်ခွဲတောင်မှ သဘောခန္ဓာက လှုပ်တောင် မလှုပ် ဘူး။ ပြိုကွဲဖို့ နေနေသာသာ၊ ပြာကျဖို့ နေနေသာသာ၊ သဘော ခန္ဓာက လှုပ်တောင် မလှုပ်ဘူး။

ဘယ့်နှယ်တုံး။ အဲဒီသဘောခန္ဓာကြီးကို ကွဲချင်ရင် အနုမြူဗုံးနဲ့ ဖောက်ခွဲပစ်။ သဘောခန္ဓာကြီးက မရဘူး။ ဘာ ဖြစ်လို့လဲ။

ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာဆိုတဲ့ အဋ္ဌကလာပ်ရုပ် (၈)ပါးနဲ့ ပေါင်းထားတဲ့ ကလာပ်

ရုပ်ကြီး။ ဒါ ရူပက္ခန္ဓာ။ မှီရာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ- နာမက္ခန္ဓာ (၄)ပါး ပေါင်းလိုက်တော့ ခန္ဓာ(၅)ပါး။ ဒီလောက်ပဲ သိထား။ ဟုတ်လား။

ဒါတွေ့ ရှေ့ပိုင်းမှာ ဟောခဲ့ပြီ။ အဲဒီတော့ ယောဂီတို့ စဉ်းစားကြည့်။ အဲဒီသဘောခန္ဓာကြီးကို အနုမြူဗုံးနဲ့ ဖောက်ခွဲလို့ရော ကွဲသွားပါ့မလား။"

"ကွဲမသွားပါဘုရား။"

"မကွဲဘူး။ အဲဒီသဘောခန္ဓာကြီးကို အဌကလာပ်ရုပ် ရှစ်ပါးဖြစ်တဲ့ ဓာတ်သဘောတွေဟာ သူ့သဘာဝ သူ့သဘောဆောင်နေတာ မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"ဓာတ်ကလည်း သူ့သဘော သူဆောင်နေတာ။ ရုပ်တွေကလည်း သူ့သဘော သူဆောင်နေတာ။ သူ့သဘော သူ ဆောင်နေတဲ့ ဓာတ်သဘောတွေရဲ့ တစ်ပါးစီ တစ်ပါးစီရဲ့လက္ခဏာတွေကို ပိုင်းခြား ကွဲပြားပြီးတော့ မသိဘူးလား။"

"သိပါတယ်ဘုရား။"

"ဓာတ်တစ်ပါးစီတွေကိုတော့ အနုမြူဗုံးကြီးနဲ့ ဖောက်ခွဲလို့တော့ ပြိုကွဲပျက်စီးသွားမှာ မဟုတ်ဘူး။

အဲဒီ သဘောခန္ဓာကြီးကို ဘာလုပ်ရမလဲဆိုရင် အဲဒီ ဓာတ်



သဘောတွေဟာ တစ်ခုနဲ့တစ်ခု ပေါင်းစုနေတာတွေကို တစ်ခုစီ တစ်ခုစီ သဘာဝလက္ခဏာတွေကို ကွဲကွဲပြားပြား ရှုလိုက်မယ်ဆိုရင် ဒီသဘောခန္ဓာကြီးဟာ ပြိုကွဲ ပျက်စီးမသွားနိုင်ဘူးလား"

"သွားနိုင်ပါတယ်ဘုရား။"

"ပြိုကွဲသွားနိုင်တယ်။ ဆိုပါစို့...

ရုပ်ကလည်း ဖောက်ပြန်တဲ့သဘော၊

ဝေဒနာက ခံစားတဲ့သဘော၊

သညာက မှတ်သားတဲ့သဘော၊

သင်္ခါရက စေ့ဆော်တဲ့သဘော၊

ဝိညာဏ်က သိတဲ့သဘော၊

တစ်ခုစီ တစ်ခုစီ ဘုန်းကြီးတို့ ဝိပဿနာပညာနဲ့ ခွဲခြမ်းစိတ်ဖြာလိုက်တဲ့အခါကျတော့ အဲဒီအပေါ်မှာ ပြိုကွဲမသွားဘူးလား။

ဟိုတစ်နေ့က တိုက်အိမ်ကြီး ဥပမာတစ်ခုနဲ့ ဘုန်းကြီးဟောပြီးပြီနော်။ တိုက်ကြီး ဖြိုခွဲလိုက်တဲ့အခါကျတော့ အကုန်လုံး ပြောလို့ ရသေးလား။ တိုက်ကြီး လှလိုက်တာလို့ ပြောလို့ရသေးလား။"

"မရပါဘုရား။"

"ဘာဖြစ်လို့လဲ။ တိုက်ကြီး ဖြိုခွဲ ဖျက်ဆီးလိုက်တော့ သစ်တွေက တခြား၊ သွပ်တွေက တခြား၊ အုတ်တွေက တခြား

ဖြစ်သွားပြီ။

ဒီလိုပဲ သဘောခန္ဓာကြီးကို ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာလိုက်တဲ့အခါကျတော့ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ် ဓာတ်ကြီး (၄)ပါး။”

“မှန်ပါဘုရား။”

**သင်္ခါရပရမတ်သဘောတွေရဲ့ သဘောပျက်ကို မြင်လာတယ်**

“ရုပ်တရားဆိုတာ ဓာတ်ကြီး ၄-ပါးနဲ့ ဖွဲ့စည်းထားတာ။ ခန္ဓာက ဓာတ်ကြီး ၄-ပါး ထင်ရှားရင်လည်းပဲ ဓာတ်တစ်ပါးစီတွေဟာ တည်နေသလား။ ပျက်သွားသလား။”

“ပျက်သွားပါတယ်ဘုရား။”

“ရုပ်အစဉ်တွေ ဖောက်ပြန်တဲ့အခါ ရုပ်ဖောက်ပြန်တဲ့ သဘောတရားတွေကလည်း တည်နေသလား။ ပျက်သွားသလား။”

“ပျက်သွားပါတယ်ဘုရား။”

“ဝေဒနာ ခံစားတဲ့သဘောတွေ ယောဂီတို့ ခန္ဓာက တရားရှုနေစဉ်မှာ ပေါ်လာတဲ့ ဝေဒနာ ခံစားတဲ့သဘောတရားတွေဟာ တည်နေသလား။ ပျက်သွားသလား။”

“ပျက်သွားပါတယ်ဘုရား။”

“သိစိတ်ကလေးကလည်း ခန္ဓာမှာ ပေါ်လာတယ်။ တည်နေသလား၊ ပျက်သွားသလား။”



“ပျက်သွားပါတယ်ဘုရား။”

“အဲဒီလို ခန္ဓာမှာ ရှုလိုက်တဲ့အခါကျတော့ အရှုခံဆိုတဲ့ သင်္ခါရဆိုတဲ့ ဓာတ်သဘော၊ ရုပ်သဘော၊ ဝေဒနာသဘော၊ စိတ်သဘောတရားတွေဟာ သူ့သဘော သူဆောင်ပြီးတော့ တစ်ခုစီ တစ်ခုစီ ပေါ်ပေါ်ပြီးတော့ တည်မနေဘဲနဲ့ ပျက် ပျက် ပျက် ပျက်သွားတဲ့ သဘောတွေ ထင်ရှားမလာဘူးလား။”

“ထင်ရှားပါတယ်ဘုရား။”

“ယောဂီတို့ဟာ ကိုယ်နှစ်သက်ရာ ကိုယ်သဘောပေါက်ရာ ဓာတ်ရှုရင်လည်း ဓာတ်သဘောကို ဧကော ဓမ္မောတစ်ခုတည်း ရှုမှတ်သွားရင် ဓာတ်သင်္ခါရ အပျက်ကိုမြင်ရင် ဓာတ်သင်္ခါရအဆုံး နိဗ္ဗာန်မရနိုင်ဘူးလား။”

“ရနိုင်ပါတယ်ဘုရား။”

“ရုပ်ဖောက်ပြန်တဲ့ ရုပ်သဘောပျက်ကြီးကို ရှုသွားရင် ရုပ်သင်္ခါရအဆုံး နိဗ္ဗာန်မရနိုင်ဘူးလား။”

“ရနိုင်ပါတယ်ဘုရား။”

“ဝေဒနာ ခံစားတဲ့သဘောပျက်ကို ရှုရင် ဝေဒနာသင်္ခါရ အဆုံး နိဗ္ဗာန်ကို မရနိုင်ဘူးလား။”

“ရနိုင်ပါတယ်ဘုရား။”

“စိတ်ရဲ့ သိတတ်တဲ့သဘောပျက်ကို ရှုရင် စိတ္တသင်္ခါရ အဆုံး နိဗ္ဗာန်မရနိုင်ဘူးလား။ ဒါကြောင့် **သင်္ခါရသိတံ နိရော**

**ဓော**- အရှုခံ သင်္ခါရတရားတွေရဲ့ ချုပ်တာသည် နိရောဓော နိဗ္ဗာန်။

အဲဒီလိုဆိုတော့ ယောဂီတို့ ကိုယ်အားသန်ရာ၊ ကိုယ်နှစ်သက်ရာ ရှုသွားရင် ယောဂီတို့ရဲ့ ရှုကွက်အာရုံထဲမှာ အရှုခံဆိုတဲ့ သင်္ခါရပရမတ္ထသဘောတွေရဲ့ သဘောပျက်ကို မြင်မလာဘူးလား။"

"မြင်ပါတယ်ဘုရား။"

"သဘောပျက်တွေ မြင်မလာဘူးလား။"

"မြင်လာပါတယ်ဘုရား။"

## ပေါ်စဲသိ ချုပ်စဲသိ

"အဲဒီသဘောပျက်တွေ မြင်လာတဲ့အခါကျတော့ ယောဂီတို့ အဲဒီအချိန်မှာ သဘောပျက်တွေ မြင်လာပြီဆိုရင် အဖြစ်ဆိုတဲ့သဘောကို မမြင်တော့ဘူး။

သဘောပျက် ရောက်သွားပြီဆိုရင် ခန္ဓာမှာ ရှုနေတဲ့ ယောဂီဟာ ပူတာလေး ပေါ်လိုက်တာနဲ့ ပူတာလေး ပျက်သွားပြီ။ အကြည့်ကို မခံဘူး။ ပူတာလေး ကြည့်။ ဖျတ်ခနဲဆို ပျက်သွားပြီ။

အေးတာလေး ကြည့်။ ဖျတ်ခနဲဆို ပျက်သွားပြီ။ ထုံတာလေး ရှုလိုက် ဖျတ်ခနဲဆို ပျက်သွားပြီ။

ခန္ဓာမှာ ပေါ်လာတဲ့ သင်္ခါရအရှုခံ သဘောတွေဟာ ပေါ်တိုင်း ပေါ်တိုင်းမှာ အကြည့်ကို မခံဘဲနဲ့ ကြည့်လိုက်တာနဲ့ ပျက်၊ ကြည့်လိုက်တာနဲ့ပျက်။ ပျက် ပျက် ပျက် သဘောပျက်ကလေး။ အဲဒီ သဘောပျက်၊ သဘောပျက်၊ သဘောပျက်။



အဲဒီတော့ ယောဂီတို့ရဲ့ ရှုကွက်က ကြည့်လိုက်တဲ့အခါကျတော့ ဘာပြောလဲ။ သဘောပျက်။ ဘာတွေကို သိရမှာတုံး။ ပေါ်စဲသိ၊ ချုပ်စဲသိ၊ ဟုတ်တယ် မဟုတ်လား။ သဘောပျက်၊ သဘောပျက်။ ပေါ်စဲသိ၊ ချုပ်စဲသိ။ ပေါ်စဲသိ၊ ချုပ်စဲသိ။

အဲဒီနေရာမှ မရောက်ရင် ရှုနိုင်ပါ့မလား။ ခန္ဓာက ဓာတ်ပေါ်ရင် ဓာတ်ပေါ်တဲ့ သဘောလေးကြည့်။ ပေါ်စဲသိပြီးတော့ ချုပ်မသွားဘူးလား။ ချုပ်၊ ပျက်၊ ပျောက် ဟုတ်တယ် မဟုတ်လား။

ဓာတ်သဘောလေး ပေါ်စဲမှ မသိရင် ချုပ်ပျောက်သွားတာ သိပါ့မလား။"

"မသိပါဘုရား။"

"ဒါကြောင့် ပေါ်စဲသိ၊ ချုပ်စဲသိ။ ရုပ်ဖောက်ပြန်တဲ့ သဘောလေး ပေါ်လာရင် ပြောပါ။ ဘာလဲ။ ရုပ်ဖောက်ပြန်တဲ့ သဘောလေး ပေါ်လာရင်...'

"ပေါ်စဲသိ၊ ချုပ်စဲသိပါဘုရား။"

"ချုပ်စဲသိ၊ ဖောက်ပြန်တဲ့သဘောလေးက ပေါ်ပြီးတော့ ခဏလေးပေါ် ခဏလေးတောင်မှ အကြည့်မခံဘူး။ အကြည့်မခံ

ဘူး။ အဲဒီအခါကျတော့ သိချုပ်, သိချုပ်၊ သိပျက်, သိပျက်နဲ့ မသွားဘူးလား။ အဲဒီအခါကျတော့ ယောဂီတို့ အပျက်သဘောတွေ မြင်မလာဘူးလား။ အပျက်သဘောတွေ မြင်မလာဘူးလား။"

"မြင်လာပါတယ်ဘုရား။"

"ဆိုပါစို့… သဘောပျက်။ ဟောဒီမှာ အရှုခံတရားတွေရဲ့ သဘောပျက်၊ ဓာတ် ရုပ် ဝေဒနာ စိတ်လို့ ဘုန်းကြီး တစ်မျိုးစီ မပြောတော့ဘူးနော်။ အကုန်လုံး ခြုံးလိုက်မယ်။ အရှုခံ သင်္ခါရ သဘောပျက်ကြီးကို မြင်မသွားဘူးလား။

## ပညတ်သဏ္ဌာန်နိမိတ်တွေ ဆိတ်သုဉ်းနေတဲ့သဘော

အရှုခံ ပရမတ်သဘောတွေရဲ့ သဘောပျက်၊ ဟုတ်လား။ အရှုခံ သင်္ခါရသဘောတွေရဲ့ သဘောပျက်။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"လူတွေ ပျက်နေတာလား။ အရှုခံ သင်္ခါရသဘောတွေ ပျက်နေတာလား။"

"အရှုခံ သင်္ခါရသဘောတွေ ပျက်နေတာပါဘုရား။"

"အရှုခံ သင်္ခါရဆိုတာ ဟောဒီမှာ ဓာတ် ရုပ် ဝေဒနာ စိတ်။ ဒါလေးတော့ သိထားဦး။ အဲဒီ အရှုခံ ရုပ်နာမ် သင်္ခါရ ခြုံပြောလိုက်တော့ အရှုခံရုပ်နာမ်သင်္ခါရတွေကို ကြည့်တော့



ရုပ်နာမ်သင်္ခါရတွေရဲ့ သဘောပျက်တွေကို မြင်မလာဘူးလား"

"မြင်လာပါတယ်ဘုရား။"

"မြင်လာတယ်။ အဲဒီသဘောပျက်တွေကို မြင်လာတဲ့အခါကျတော့ ယောဂီတို့ရဲ့ သဘောတရားလေးတွေ ပျက် ပျက် ပျက် ပျက်သွားတာ။ သဘောတရားလေးတွေ ခန္ဓာမှာ ရှုလိုက်။ အရှုမခံဘူး။

ထုံတာပေါ် သိပျက်။ နာတာပေါ် သိပျက်။ ကိုက်သဘောပေါ်လာတယ်၊ သိပျက်။ လှုပ်သဘောပေါ်လာတယ်၊ သိပျက်။ ညောင်းသဘော ပေါ်လာ၊ သိပျက်၊ သိပျက်၊ သိပျက်။

တစ်ခဏချင်း သိပျက်, သိချုပ် သိချုပ် သိချုပ် သိချုပ်။ အဲဒီလို မြင်နေတဲ့အချိန်အခါမှာ သဘောပျက်ထဲမှာ ယောဂီတို့ ခေါင်း ခါး ကိုယ် ခြေ လက်ရှိလား။"

"မရှိပါဘုရား။"

"အသက် လိပ်ပြာ ဇီဝလေး တွေ့လား။"

"မတွေ့ပါဘုရား။"

"ယောကျ်ား မိန်းမတွေရဲ့လား။ ရှာကြည့်··ဘာတွေ့လဲ။ သဘောပျက်။ သဘောပျက်ကလေး သိပြီလား။"

"သိပါပြီဘုရား။"

"သဘောပျက်ကလေး တွေ့ပြီလား။"

"တွေ့ပါပြီဘုရား။"

"ယောဂီတို့ သဘောပျက်ထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ခေါင်း ခါး ကိုယ် ခြေ လက် အသက် ဇီဝ လိပ်ပြာဆိုတာတွေ။ အဲဒီမှာ ပညတ်ဆိုတဲ့ သဘောတွေ ဆိတ်သုဉ်းနေတဲ့သဘော။ ဆိတ်သုဉ်းမနေဘူးလား။"

"ဆိတ်သုဉ်းနေပါတယ်ဘုရား။"

"သဘောပျက်ကြီး ဉာဏ်နဲ့ မြင်နေတဲ့အခါမှာ အဲဒီ သဘောပျက်ထဲမှာ အသက် ဇီဝ လိပ်ပြာ ပုဂ္ဂိုလ် သတ္တဝါ ပညတ် သဏ္ဌာန် နိမိတ်တွေ ဆိတ်သုဉ်းနေတဲ့သဘော။ ဆိတ်သုဉ်းနေတဲ့သဘော၊ သဘောပျက်။ ဆိတ်သုဉ်းနေတာသည် သုညတ။ ဘာလဲ။"

"သုညတပါဘုရား။"

**မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့် ရှုပါ**

**သုညတ** – ဆိတ်သုဉ်းနေတာ၊
**အတ္တေနဝါ** – ငါဆိုသော သဘောမှလည်းကောင်း၊
**အတ္တနိယေနဝါ** –ငါ့ဥစ္စာဆိုသော သဘောမှလည်းကောင်း၊
**သုညံ** – မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်၊
**ဒဋ္ဌဗ္ဗံ** – ရှုပါ။

ဒါ ပါဠိတော်က ညွှန်တာ။ ယောဂီတို့ရဲ့ ခန္ဓာရှုကွက် ကြည့်လိုက်တဲ့အခါကျတော့ သဘောပျက်ထဲမှာ သဘောတွေ ပျက်မလာဘူးလား။ ခန္ဓာက ပေါ်လာတဲ့ သင်္ခါရရုပ်နာမ် မှန်



သမျှ ပေါ်ပြီးတော့ ပျက်တာပဲ။ ဖြစ်ပြီးတော့ ချုပ်တာပဲ။ ဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အဲဒီတော့ ခန္ဓာမှာ ပျက်နေတဲ့ သဘောပျက်မှာ **အတ္တေနဝါ**– ဟောဒီပျက်နေတဲ့ သင်္ခါရသဘောပျက်ဟာ ငါ ငါ ငါ ပြောလို့ ရသလား။"

"မရပါဘုရား။"

"ငါဆိုပြီးတော့ တားကြည့်စမ်း။"

"မရပါဘုရား။"

"မပျက်နဲ့ တားကြည့်စမ်း။"

"မရပါဘုရား။"

"ရရဲ့လား။"

"မရပါဘုရား။"

"**အတ္တနိယေန ဝါ**– ဟောဒီသဘောပျက်ကလေးဟာ ငါ့ဥစ္စာ၊ ငါ့ဥစ္စာဆိုပြီးတော့ သိမ်းပိုက်ထားလို့ ရသလား။"

"မရပါဘုရား။"

"ငါ့ဥစ္စာကြီးဆိုပြီး ဆွဲယူထား သိမ်းပိုက်ထားလို့ ရသလား။"

"မရပါဘုရား။"

"မရဘူး။ ရှင်းတယ်နော်။ အေး‥ အဲဒီသဘောပျက် ကလေးမှာ

**အတ္တေနဝါ** – ငါဆိုသော သဘောမှလည်းကောင်း၊

**အတ္တနိယေနဝါ** –ငါ့ဥစ္စာဆိုသော သဘောမှလည်းကောင်း၊

**သုညံ** – မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့် ဆိတ်သုဉ်းမနေဘူးလား။ ဆိတ်သုဉ်းနေတယ်ဆိုတာ တခြားလား။ သုညလား။”

“သုညပါဘုရား။”

“သုညဆိုတာ ဘာလဲ။ သဘော၊ သဘောပျက်။ အဲဒီ သဘောပျက်ထဲမှာ ကြည့်လိုက်တဲ့အခါကျတော့ **သုညံ**– မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်၊ **ဒဋ္ဌဗ္ဗံ**– ရှုပါ။

## ဝမ်းနည်းတယ် ဝမ်းသာတယ်ဆိုတာ ငါရှိလို့

အဲဒီတော့ သဘောပျက်ကလေးကို ကြည့်ပြီးတော့ ယောဂီဟာ သဘောပျက်ကလေးက ငါ မဟုတ်ပါလား။ ငါ့ ဥစ္စာ မဟုတ်ပါလား။ အဲဒီ သဘောပျက်ကလေးကို ရှုနေတဲ့ အချိန်အခါမှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ဖြစ်သေးလား။”

“မဖြစ်ပါဘုရား။”

“ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ဖြစ်သေးလား။”

“မဖြစ်ပါဘုရား။”

“ဘာဖြစ်လို့ မဖြစ်တာလဲ။”

“သဘောပျက်ကို ဉာဏ်နဲ့ မြင်နေလို့ပါဘုရား။”

“အေး·· သဘောပျက်ကို ဉာဏ်နဲ့ မြင်နေတဲ့အခါကျ



တော့ အဲဒီသဘောပျက်ကြီးဟာ ငါမှ မဟုတ်ဘဲ။ ငါမှ မရှိတာ။ ဘယ်ကလာ ဝမ်းသာစရာ လိုမလဲ။ ငါမှ မရှိတာ ဝမ်းနည်းစရာ လိုလား။”

“မလိုပါဘုရား။”

“ဝမ်းနည်းတယ်၊ ဝမ်းသာတယ်ဆိုတာ ငါ ရှိလို့။”

“ကဲ– ဘယ့်နှယ်လုပ်မလဲ။ ယောဂီတို့ စဉ်းစား။ ယောဂီတို့ရဲ့ နေ့စဉ်ဘဝထဲမှာ အာရုံငါးပါး ကာမဂုဏ်တရားတွေရဲ့ ကြားထဲမှာ သွားလာ လှုပ်ရှားနေရတဲ့အခါကျတော့ တစ်ခါတစ်ရံ ကောင်းတဲ့အာရုံ၊ မကောင်းတဲ့အာရုံနဲ့ တွေ့ကြုံလာတဲ့အခါကျတော့ ကောင်းတာလေး တွေ့တော့ ဝမ်းသာတယ်။ မကောင်းတာလေး တွေ့တော့ ဝမ်းနည်းတယ်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မဖြစ်ဘူးလား။”

“ဖြစ်ပါတယ်ဘုရား။”

“ဘယ်သူ ဝမ်းသာတာလဲ။”

“ငါ ဝမ်းသာတာပါဘုရား။”

ငါ ဝမ်းသာတာ။ ဘာလို့ ဝမ်းနည်းနေတာတုံး။ ဘယ်သူတုံး။ ငါ ဝမ်းနည်းတာ။

ငါ ဝမ်းသာတာ၊ ငါ ဝမ်းနည်းတာ။ ‘ငါ’ရှိနေတာကိုး။ ငါရှိလို့ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ဖြစ်တာ။ သဘောပျက်ကြီးကို မြင်နေတဲ့အခါမှာ ငါ ရှိသေးလား။”

"မရှိပါဘုရား။"

"ငါ မရှိတော့ အဲဒီသဘောပျက်ကြီး မြင်နေတာ၊ ဝမ်းသာသေးလား။"

"ဝမ်းမသာတော့ပါဘုရား။"

"ဝမ်းကော နည်းသေးလား။"

"မနည်းပါဘုရား။"

"မနည်းတော့ဘူး။ ဟုတ်တယ် မဟုတ်လား။ အဲဒီအချိန်အခါမှာ တွန့်ဆုတ်တဲ့ စိတ်တွေ ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"ပျံ့လွင့်တဲ့စိတ် ဖြစ်သေးလား။ ဟော တွန့်ဆုတ်တဲ့စိတ်၊ ပျံ့လွင့်တဲ့စိတ် မရှိတော့ဘူး။ ဟုတ်တယ် မဟုတ်လား။ တောင့်တခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ခြင်းကော ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"အဲဒီ ရုပ်နာမ်သင်္ခါရ သဘောပျက်ကြီးကို ယောဂီတို့ သိနေပြီဆိုလို့ရှိရင် အဲဒီ ယောဂီရဲ့ သိစိတ်လေးမှာ တွန့်ဆုတ်တဲ့ စိတ်တွေ မဖြစ်တော့ဘူး။ ပျံ့လွင့်တဲ့စိတ်တွေ မလာတော့ဘူး။ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ ပူပန်ခြင်းဆိုတဲ့ သဘောတွေကော ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"မဖြစ်တော့ဘူး။ ဘာဖြစ်လို့ပါလိမ့်။"

"သဘောပျက်ကြီး မြင်နေလို့ပါဘုရား။"



"ဘာဖြစ်လို့ပါလိမ့်။"

"သဘောပျက်ကြီး မြင်နေလို့ပါဘုရား။"

## ယောဂီတို့ကို ကြည့်လိုက်ရင် ဣန္ဒြေလုံသွားပြီ

"ရုပ်နာမ်သင်္ခါရဆိုတဲ့ အရှုခံသဘောတွေ ပျက်သွားတာ။ ခဏဖြစ်၊ ခဏပျက်။ ဟုတ်လား၊ ပျက်မနေဘူးလား။"

"ပျက်နေပါတယ်ဘုရား။"

"ပျက်နေတာနော်။ ရုပ်သဘောတွေကလည်း အစဉ်ပြောင်းလဲပြီးတော့ ပျက်။ စိတ်ကလေးကလည်း သိပျက်။ သဘောပျက်တွေ။ ခဏသိ ဖြစ်ချုပ်။ သိချုပ် အဲဒီအခါကျတော့ ယောဂီတို့ ရှုနေစဉ်မှာ ယောဂီတို့ကို ကြည့်လိုက်ရင် ဣန္ဒြေလုံသွားပြီ။ ငြိမ်ပြီးတော့ နေတယ်။

တချို့ တရားထိုင်တယ်။ ငြိမ်ပြီးတော့ နေတယ်။ တချို့ မဟာပလ္လင် ထိုင်တယ်။ ငြိမ်ပြီးတော့ နေတယ်။ ဘာလဲဆိုတော့ အပျက်ကို သိနေပြီ။ သဘောပျက်ကို သိနေပြီ။ ပရမတ် သဘောတွေ ပျက်နေတာ သိနေတာနော်။ အဲဒီအပျက်ထဲမှာ ခေါင်း ခါး ကိုယ် ခြေ လက် မပါတော့ ခေါင်းတွေ ခါးတွေ ကိုယ်တွေ လက်တွေ လှုပ်သေးလား။"

"မလှုပ်ပါဘုရား။"

"ခေါင်း ခါး ကိုယ် ခြေ လက် မတွေ့တဲ့အခါကျတော့ ပြင်သေးလား။"

"မပြင်ပါဘုရား။"

"ငါမှ မရှိဘဲ။ ငါ့ခေါင်းမှ မရှိဘဲ။ ငါ့လက်မှ မရှိဘဲ။ ငါ့ခြေမှ မရှိဘဲ။ ငါ့ကိုယ်မှ မရှိဘဲ။ ငါ မရှိတော့ ငါ ဘယ်မှာ လာပြင်မတုံး။ ငါ မရှိတော့ဘူးလေ။

ငါရှိတော့ ငါ ပြင်တာပေါ့။ ငါ ရှိတော့ ငါ နာတယ်။ ငါ နာတော့ ငါ မခံနိုင်ဘူး။ ပြင်မှပဲလေ။

သဘောတွေ ပျက်ပြီး သဘောပျက်ကို မြင်နေတဲ့အချိန် အခါမှာ ယောဂီတွေ ပြင်သေးလား။"

"မပြင်ပါဘုရား။"

**သူ့သဘော သူဆောင်တဲ့ သဘောပျက်ကြီး**

"အဲဒီမှာ ကြောင့်ကြတာ ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"ကြောင့်ကြတာ၊ တောင့်တတာ၊ ပူပန်တာ ယောဂီတို့ စိတ်မှာ ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"ဘာဖြစ်လို့လဲ။ သဘောပျက်ကြီးကို မြင်နေတာ။ ရှင်း ရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"အေး‥ အဲဒီသဘောပျက်ကို မြင်နေရင် ကြောင့်ကြတာ၊



တောင့်တတာ၊ ပူပန်တာ မလာတော့ဘူး။ ဘာဖြစ်လို့လဲ။

"ငါ မရှိလို့ပါဘုရား။"

"ငါ မရှိလို့၊ အပျက်ကြီးက ငါ မဟုတ်လို့။ ငါ့ဥစ္စာ မဟုတ်လို့၊ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

**ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း**

**နိစ္စ** - မြဲတဲ့သဘော၊

**ရူပ** - ခိုင်ခံ့တဲ့သဘော၊

**သုခ** - ချမ်းသာတဲ့သဘော၊

**သဿတ** - တည်တံ့တဲ့သဘောတို့မှ ဆိတ်သုဉ်းနေတဲ့ သဘော၊ ရှင်းလား။ ဒီထဲမှာ **နိစ္စ**- မြဲတဲ့သဘောတွေ ရှိရဲ့လား"

"မရှိပါဘုရား။"

"သဘောပျက်ကို ကြည့်၊ မြင်နေတဲ့ယောဂီ သဘောပျက် ထဲမှာ မြဲတာတွေ တွေ့လား။"

"မတွေ့ပါဘုရား။"

"**ရူပ**-သဘောပျက်မှာ ခိုင်ခံ့တဲ့သဘော မြင်ရဲ့လား။"

"မမြင်ပါဘုရား။"

"**သုခ**-သဘောပျက်ကြီး မြင်တာ ချမ်းသာသလား။"

"မချမ်းသာပါဘုရား။"

"**သဿတ**- တည်တံ့နေတဲ့တရားလား။"

“မဟုတ်ပါဘုရား။”

“ပျက်နေတဲ့ သဘောကြီး၊ ဟုတ်တယ် မဟုတ်လား။ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း လက်ဖျစ်တစ်တွက်မှာ ပျက်နေတဲ့ သဘော။ ရုပ်ကုဋေ ငါးထောင် တဖွားဖွား၊ ဟုတ်လား။ နာမ်ကုဋေ တစ်သိန်း အင်မတန်မှ လျင်မြန်တာ။ အရှိန်အဟုန်တွေနဲ့ ပျက်နေတဲ့ ဓမ္မသဘောကြီး။

ပျက်နေတဲ့ ဓမ္မသဘောကြီးကို ဉာဏ်နဲ့ အမှန်မြင် အမှန်သိနေတဲ့ အချိန်အခါမှာ **နိစ္စ**- မြဲတဲ့သဘောတွေ ဆိတ်သုဉ်းသွားပြီ။ **ရူဝ**- ခိုင်ခံ့တဲ့ သဘောတွေလည်း မရှိတော့ဘူး။ **သုခ**- ချမ်းသာတဲ့သဘောတွေလည်း မရှိတော့ဘူး။ **သဿတ**- တည်တံ့နေတဲ့သဘောလည်း မရှိတော့ဘူး။ အဲဒီတော့ ယောဂီတို့ ရှိသေးလား”

“မရှိပါဘုရား။”

“မရှိတော့ဘူးတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း ပျက်နေတာ။ ဓမ္မသဘောကြီး။ ရုပ်ကလည်း ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း လက်ဖျစ်တစ်တွက်မှာ ပျက်နေတာ။ ဘုရားရှင် ဟောတာ။

အဲဒီလို လျင်မြန်သော အရှိန်တွေ အဟုန်တွေနဲ့ ရုပ်တွေကလည်း ပြောင်းလဲ ဖောက်ပြန်ပျက်။ နာမ်တွေကလည်း သိပျက်၊ ချုပ်၊ ဟုတ်ရဲ့လား။”

“ဟုတ်ပါတယ်ဘုရား။”



“အေး… အဲဒီတော့မှ **နိစ္စ**ဆိုတဲ့ သဘောမရှိပါလား။ **ရူဝ**- ခိုင်ခံ့တဲ့သဘော မရှိပါလား။ **သုခ**- ချမ်းသာတဲ့သဘော မရှိပါလား။ **သဿတ**- တည်တံ့တဲ့သဘော မရှိပါလား။

သူ့သဘော သူဆောင်တဲ့ ပျက်နေတဲ့ သဘောပျက်ကြီးပါလား။ သဘောပျက်ကြီးပါလား။ သဘောပျက်ကြီးပါလား။ အဲဒီသဘောပျက်ထဲမှာ-

**အတ္တေနဝါ** - ငါဆိုသော သဘောမှလည်းကောင်း၊
**အတ္တနိယေနဝါ** - ငါ့ဥစ္စာဆိုသော သဘောမှလည်းကောင်း၊
**သုညံ** - မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်၊
**ဒဠှဗ္ဗံ** - ရှုပါ၊ ရှုတဲ့။

အဲဒီထိကို ဘုရားက ရှုခိုင်းတာ။ ခေါင်းတွေ ခါးတွေ ရှုခိုင်းတာလား။ ဘာတွေ ရှုခိုင်းတာလဲ။ သဘောပျက်၊ သဘောပျက်၊ သဘောပျက်။ အဲဒီသဘောပျက်ကို ရှု။

အဲဒီသဘောပျက်ကို ရှုလိုက်တဲ့အခါကျတော့ ယောဂီတို့ အဲဒီမှာ သဘောပျက်တွေက ခုနက ပြောသလို ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း အရှိန်တွေ အဟုန်တွေနဲ့ လျင်မြန်စွာ ပျက်လာတဲ့အခါကျတော့ ယောဂီတို့ အဲဒီမှာ လာပြီ။

အရှိန်အဟုန်နဲ့ ပျက်လာတဲ့အခါကျတော့ ယောဂီတို့ အဲဒီ ရုပ်တရားတွေ နာမ်တရားတွေ အရှိန်အဟုန်နဲ့ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း အဲဒီမှာ ပျက်နေတာ။ ပျက်ပြီးတော့ နေတာ။ လိုက်နိုင်ရဲ့လား။”

"မလိုက်နိုင်ပါဘုရား။"

"ရုပ်ကုဋ္ဌေက ငါးထောင် ဖွားခနဲ ဖွားခနဲ အရှိန်နဲ့ အဟုန်နဲ့၊ နာမ်ကလည်း ကုဋ္ဌေတစ်သိန်း လက်ဖျစ်တစ်တွက်မှာ သိပျက်၊ သိချုပ်။ တစ်ခဏ သိ၊ တစ်ခဏ ချုပ်၊ ချုပ်၊ ချုပ်။ လိုက်လို့ရလား။"

"မရပါဘုရား။"

"ဘုရားရဲ့ ရွှေဉာဏ်တော်ကြီးနော်။ ကိုယ့်ခန္ဓာမှာ ကြည့်လိုက်တဲ့အခါကျတော့ ဟောဒီ အပျက်ဆိုတဲ့သဘောတွေ ယောဂီတို့ ဝိပဿနာ ရှုကွက်အာရုံမှာ မထင်ရှားဘူးလား။"

"ထင်ရှားပါတယ်ဘုရား။"

**သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ် တရားသုံးလုံး**

"အဲဒီလို ထင်ရှားအောင် ဖော်ပေးလိုက်တာက သတိ၊ သတိတရား။ သဘောပျက်ကြီးကို ယောဂီတို့ ရှုကွက်မှာ ထင်ရှားအောင် ဖော်ပေးတာ၊ ပြုလုပ်ပေးတာ ဘယ်သူလဲ။"

"သတိတရားပါဘုရား။"

"သတိတရား၊ အဲဒီအပျက်ကြီးကို ဒါအပျက်ကြီးပဲ၊ သဘောပျက်ကြီးပဲ၊ ငါ ပျက်တာ မဟုတ်ဘူး။ သူ ပျက်တာ မဟုတ်ဘူး။ ဒီအပျက်ထဲမှာ ငါဆိုတာလည်း မရှိပါလား။ ပုဂ္ဂိုလ် သတ္တဝါ ယောကျာ်း မိန်းမ မရှိပါလား။ ဟောဒီသဘောပျက်ကြီးဟာ ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ပါလား။



သူ့သဘောနဲ့ သူဆောင်ပြီး ပျက်နေတဲ့ သဘောပျက်ကြီးပါလား။ အဲဒီအပျက်ကြီးကို ဟောဒီမှာ ပညာက ပိုင်းခြားမပေးဘူးလား"

"ပေးပါတယ်ဘုရား။"

"အပျက်တွေကို ပိုင်းခြားပေးနေတာ။ လူက ပိုင်းခြားပေးတာလား။ ပညာက ပိုင်းခြားပေးတာလား။"

"ပညာက ပိုင်းခြားပေးတာပါဘုရား။"

"ယောကျာ်း မိန်းမတွေက ပိုင်းခြားတာလား။ ပညာက ပိုင်းခြားပေးတာလား။"

"ပညာက ပိုင်းခြားပေးတာပါဘုရား။"

"အဲဒီပညာက ပိုင်းခြားလိုက်တော့မှ မနောဝိညာဏ်က သိတာ။ အဲဒီအပျက်ကလေးကို သိနေတာ ငါက သိတာလား။ မနောဝိညာဏ်က သိတာလား။"

"မနောဝိညာဏ်က သိတာပါဘုရား။"

"လူက သိတာလား၊ မနောဝိညာဏ်က သိတာလား"

"မနောဝိညာဏ်က သိတာပါဘုရား။"

"မနောဝိညာဏ်က သိတာ။ အဲဒီတော့မှ အရှုခံ သင်္ခါရ သဘောပျက်တွေကို ထင်ရှားအောင် ဖော်ပေးတာက **သတိ**။ အဲဒီမှာ အပျက်သဘောကြီးကို ပိုင်းခြားပေးတာက **ပညာ**။ သိတာက **ဝိညာဏ်**။ သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ်၊ တရား

(၃)လုံး။ သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ် ပြန်ပြီး ဆိုလိုက်ပါ။"

"သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ်ပါဘုရား။"

"သတိရယ်၊ ပညာရယ်၊ ဝိညာဏ်ရယ် တရား ဘယ်နှလုံးလဲ။"

"သုံးလုံးပါဘုရား။"

**သင်္ခါရတရားက သင်္ခါရတရားကို ရှုနေတာ**

"အေး·· အဲဒါ ယောဂီတို့ သံဃာတော် အရှင်သူမြတ်တွေ တရားရှုနေတာလား။ သီလရှင် ဆရာလေးတွေ တရားရှုနေတာလား။ အမျိုးကောင်းသားတွေ တရားရှုနေတာလား။ အမျိုးကောင်းသမီးတွေ တရားရှုနေတာလား။ ယောဂီတို့ တရားရှုနေတာလား။ ကဲ- ဘယ်သူ တရားရှုတာတုံး။

**သင်္ခါရာဝ သင်္ခါရေပိ ပဿန္တိ။**

**သင်္ခါရာဝ** - သင်္ခါရတရားတို့ကို၊

**သင်္ခါရေပိ** - သင်္ခါရတရားတို့ကသာလျှင်၊

**ပဿန္တိ** - ရှု၏။

ဒါ ပါဠိတော်ကြီးက ပြတာ။ သင်္ခါရတရားက သင်္ခါရတရားကို ရှုနေတာ။ ယောဂီတို့ ဟောဒီသဘောပျက်ဆိုတဲ့ ရုပ်ရှုရင် ရုပ်သင်္ခါရ သဘောပျက်။ အဲဒီ သဘောပျက်က သင်္ခါရ။ ရှုနေတဲ့ဉာဏ်ကလည်း သင်္ခါရ။ ဝေဒနာ ခံစားတဲ့သဘောက



သင်္ခါရ။ သဘောပျက်ကလေးက သင်္ခါရ။ ရှုနေတဲ့ဉာဏ်က သင်္ခါရ။ အရှုခံက ရုပ်နာမ်သင်္ခါရ။ ရှုနေတာက ဉာဏ်။ ကဲ- ရှင်းရဲ့လား။

ဟောဒီ ခတ်ဆိုတဲ့ သဘောပျက်က သင်္ခါရ။ သဘောပျက်ကလေး သိနေတဲ့ဉာဏ်ကလည်း သင်္ခါရ။ ဟုတ်တယ် မဟုတ်လား။

'ရုပ်' ပျက်တဲ့သဘောက သင်္ခါရ။ အပျက်သဘောလေး သိနေတဲ့ ဉာဏ်က သင်္ခါရ။

'ဝေဒနာ' ခံစားတဲ့သဘောပျက်က သင်္ခါရ။ သိနေတဲ့ ဉာဏ်က သင်္ခါရ။

'စိတ်' ပျက်နေတဲ့သဘောက သင်္ခါရ။ သိနေတဲ့ ဉာဏ်က သင်္ခါရ။

သင်္ခါရတရားကို သင်္ခါရတရားနဲ့ ရှုနေတာ။ အရှုခံဆိုတဲ့ ရုပ်သင်္ခါရ သဘောပျက်ထဲမှာ ငါ တွေ့သလား။ ရှုနေတဲ့ ဉာဏ်ကကော ငါက ရှုတာလား။ မဟုတ်ဘူး။

**သင်္ခါရာဝ** - သင်္ခါရတရားတို့ကို၊

**သင်္ခါရေပိ** - သင်္ခါရတရားတို့ကသာလျှင်၊

**ပဿန္တိ** - ရှု၏။

သင်္ခါရတရားတို့ကို သင်္ခါရတရားက ရှုနေတာတဲ့။ လူတွေက ရှုနေတာလား။"

"မဟုတ်ပါဘုရား။"

"ငါက ရှုတာလား။"

"မဟုတ်ပါဘုရား။"

"ယောကျ်ား မိန်းမက ရှုတာလား။"

"မဟုတ်ပါဘုရား။"

"ဘယ်သူက ရှုတာလဲ။"

"သင်္ခါရတရားက ရှုတာပါဘုရား။"

**ဝင်လေထွက်လေကလည်း သဘောဆိုက်သွားပြီ**

"သင်္ခါရတရားကို သင်္ခါရတရားက ရှုနေတာ။ ငါ ပါသေးလား။"

"မပါပါဘုရား။"

"ငါရှုတာ လာသေးလား။"

"မလာပါဘုရား။"

"အဲဒီမှာ ဝင်လေထွက်လေ ရှိသေးလား။"

"မရှိပါဘုရား။"

"ဝင်လေထွက်လေကလည်း သဘောဆိုက်သွားပြီ။ အရှိတွေ သူ့သဘော သူဆောင်ပြီးတော့ ရှိတာကလည်း သဘာဝ။

တရားထိုင်ခါစမှာတော့ သတိအားတွေ၊ သမာဓိအားတွေ



ကောင်းဖို့လို့ ရှုရတယ်။ ဒီဉာဏ်လည်း ရောက်သွားရော၊ အရှိတွေကလည်း သဘောဆိုက်ပြီး ရှိတာက သဘာဝ ဖြစ်သွားပြီ။ ဟုတ်တယ် မဟုတ်လား။ ခန္ဓာကလည်း သဘာဝ သဘောပျက်တွေ၊ ဟုတ်တယ် မဟုတ်လား။ ရှုနေစရာ လိုသေးလား"

"မလိုပါဘုရား။"

"အရှိက သူ့ဟာသူ ရပ်သွားတာလား။ ကိုယ်က အရပ်ခိုင်းတာလား။"

"အရပ်မခိုင်းပါဘုရား။"

"ရှန့်ရင်း ကြမ်းတမ်းတဲ့ အရှိတွေ သိမ်မွေ့သည်ထက် သိမ်မွေ့၊ နူးညံ့သည်ထက် နူးညံ့ပြီး အရှိဟာ သူ့သဘော သူဆောင်ပြီး သဘာဝဆိုက်သွားတာ။ ဟုတ်တယ် မဟုတ်လား။

အဲဒီ အရှိသဘာဝလေးတွေဆိုတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တွေကလည်း ပေါ်ပျက်။ သဘောပျက်။ ဟုတ်တယ် မဟုတ်လား။

ဓာတ်ပေါ်လည်း သဘောပျက်။

ရုပ်ပေါ်လည်း သဘောပျက်။

ဝေဒနာ ခံစားတဲ့သဘောလည်း ပျက်။

သိသဘောလည်း ပျက်၊ ပျက်၊ ပျက်။ သဘောပျက်။ အဲဒီတော့မှ သင်္ခါရတရားကို သင်္ခါရတရားနဲ့ ရှုနေတာပါလား။ အရှုခံကလည်း ငါ မဟုတ်ပါလား။ ရှုနေတဲ့ ဉာဏ်ကလည်း

ငါ မဟုတ်ပါလား။ သင်္ခါရတရားကို သင်္ခါရတရားနဲ့ ရှုနေတာ။ ရှင်းရဲ့လား။''

''ရှင်းပါတယ်ဘုရား။''

''အဲဒီမှာ သင်္ခါရတရားတွေ ရှုနေရင်း ရှုနေရင်းနဲ့ အဲဒီ အရှုခံ သင်္ခါရတရားတွေကလည်းပဲ အရှိန်အဟုန်နဲ့ အလွန် လျင်မြန်စွာ ဖြစ်ပျက် ချုပ်ပျောက်သွားတယ်။

ဟောဒီ နာမ်တရားလေးကလည်း တစ်ခဏလေးနဲ့ သိ ပျက်၊ သိပျက်၊ သိပျက်၊ သိပျက်၊ သိချုပ်။

အဲဒီတော့မှ ကြည့်စမ်း၊ ဘုရားရှင် ဟောတော်မူတဲ့ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်းပါလား။ ဒီ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း ငါ ကြည့်လို့လည်း မမြင်ဘူး။ မြင်ရဲ့လား။''

''မမြင်ပါဘုရား။''

''ဘုရားဉာဏ်လေ၊ ကိုယ့်ဉာဏ်မှ မဟုတ်ဘဲ။ ဘုရားဉာဏ်နဲ့ ကိုယ့်ဉာဏ် ကွဲပါ။ စာထဲ ရေးထားတာ ရုပ်ကုဋေ ငါးထောင်က ဘယ်လို ပျက်နေတာလဲ။ နာမ်ကုဋေ တစ်သိန်းက ဘယ်လို ပျက်နေတာလဲ။

ယောဂီတို့ ဘုရားရဲ့ရွှေဉာဏ်တော်ကို ကိုယ် လိုက်လို့ ဖြစ်ပါ့မလား။ အေး အဲဒီတော့မှ ရှုလိုက်တဲ့အခါ အရှိန်အဟုန်နဲ့ တစ်ခါတည်း သဘောပျက် သဘောပျက် ပျက် ပျက် ပျက်။



## အရှုခံဆိုတဲ့ သဘောပျက်ကြီး ပျောက်သွားပြီ

အဲဒီ အပျက်တွေ ရှုနေရင်း၊ ရှုနေရင်းနဲ့ သဘောပျက်တွေက အရှိန်အဟုန်တွေနဲ့ လျင်မြန်စွာ ပျက် ပျက် ပျက် ပျက်ပြီး လာတဲ့အခါကျတော့ အဲဒီမှာ အရှိန်အဟုန်နဲ့ လျင်မြန်စွာ အရှုခံ ဆိုတဲ့ သဘောပျက်ကြီးတွေက ပျက် ပျက် ပျက် သိခနဲ ပျက်၊ သိခနဲပျက် သိခနဲပျက် သိခနဲပျက်လာတဲ့အခါကျတော့ သတိက လိုက်ပြီး မရှုနိုင်တော့ဘူး။ သတိအား နည်းသွားပြီ။

အဲဒီမှာ အရှိန်အဟုန်နဲ့ လျင်မြန်စွာ ပျက်နေတဲ့ သဘော ပျက်ကြီးကို သတိက ရှုနေရင်းနဲ့ သတိ အားနည်းသွားတော့ အဲဒီအချိန်အခါမှာ ပညာက အရှိန်ရှိသေးတယ်။ ပညာက အပျက်ကလေးကို တစ်ခါတည်း ပိုင်းခြားပေးသေးတော့ သိနေတယ်။

အဲဒီမှာ သိနေရင်းနဲ့ တစ်ချက် နှစ်ချက် သုံးချက်တော့ သိ။ ပညာက ပိုင်းခြားပေးနေတာနော်။ သတိရှိသေးလား။ မရှိတော့ဘူး။ ဒါပေမယ့် ပညာက ပိုင်းခြားပေးသေးတယ်။ တဖြည်းဖြည်းနဲ့ အဲဒီပညာကလည်းပဲ ပိုင်းခြားမပေးတော့ဘူး ဆိုရင် မနောဝိညာဏ်စိတ်က ဘာရှုရမှန်း မသိ ဖြစ်သွားပြီ။

အဲဒီတော့ မနောဝိညာဏ်စိတ်ကလေးက သိစိတ်ကလေး က ဘာရှုရမှန်း မသိတော့ဘူး။ အဲဒီတော့ ဘာရှုရမှန်း မသိ တော့ဘူး။

အရှုခံဆိုတဲ့ သဘောပျက်ကြီး ပျောက်သွားပြီ။ သဘော

ပျက်ကြီး မရှိတော့ဘူး။ ဘာ ရှုရမှန်းလည်း မသိတော့ဘူး။ အဲဒီမှာ ဘာရှုရမှန်းလည်း မသိတော့ဘူး။ အဲဒီအချိန်အခါမှာ ယောဂီတို့ တရားဉာဏ် တက်ပါဦးမလား။"

"မတက်ပါဘုရား။"

"ယောဂီတို့ တချို့လည်း ရှုနေရင်းနဲ့ ဖြစ်ကြမယ်။ တချို့လည်း အဲဒီသဘောကို ရောက်ချင်ရင်လည်း ရောက်မယ်။ အဲဒီအခါကျတော့ မနောဝိညာဏ်စိတ်ကလေးက ဘာရှုရမှန်း မသိတော့ဘူး။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အဲဒီအခါကျတော့ ဖြစ်ပျက်တွေ ဆုံးပြီ။ ဘာမှ မရှိတော့ဘူး။ အသိလေးပဲ ကျန်တော့တယ်။ ဒီအသိလေးဟာ ဘာလဲ။ မဂ်နဲ့ တူပါရဲ့။ လာပြီ။ မဂ်စိတ်ကျလို့ နိဗ္ဗာန်ကို ငါ သိနေတာလား။

လာပြီ၊ လာပြီ။ ယောဂီတွေ လားပေါင်းများစွာ လာပြီ။ "စိတ်"

အဲဒီအခါကျတော့ ဒါလေးပေါ်မှာ ဖြစ်ပျက်တွေ ဆုံးနေပြီ။ ဖြစ်ပျက်တွေ ချုပ်သွားပြီ။ ဘာမှ သိစရာ မရှိတော့ဘူး။ အဲဒီတော့ ဘာသိရမှန်းလည်း မသိတော့ဘူးဆိုတော့ အဲဒီမှာ စိတ်ကလေး ကျန်မနေဘူးလား။"

"ကျန်နေပါတယ်ဘုရား။"



## ဟုတ်တိုင်းမှန်ရာကို ပြတတ်တဲ့ဆရာကောင်းကိုရှာ

"အဲဒီတော့ အရှုခံတွေ ပျောက်သွားပြီ။ အပျက်ကြီးလည်း မမြင်တော့ဘူးဆိုတော့ အဲဒါကို ဖြစ်ပျက်ချုပ်တယ်။ ဖြစ်ပျက်ဆုံးတယ်လို့ ထင်တတ်တယ်။ အဲဒီအခါမှာ ဘာလုပ်ရမှာလဲ။ ဘာလုပ်ရမှာလဲ။

**"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"**

(သံယုတ်ပါဠိတော်)

**ယထာဘူတံ** - ဟုတ်မှန်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို၊
**ဉာဏာယ** - သိခြင်းငှာ၊
**သတ္ထာ** - ပြတတ်သော ဆရာကို၊
**ပရိယေသိတဗ္ဗော** - ရှာမှီးအပ်၏။

အဲဒီအချိန်အခါမှာ ဟုတ်တိုင်းမှန်ရာကို ပြတတ်တဲ့ ဆရာကောင်းရှာ။

ပရိယတ္တိက ညွှန်ကြားသည့်အတိုင်း ပဋိပတ်ဆိုတဲ့ လုပ်ငန်းကို အားထုတ်တဲ့၊ ကိုယ်တိုင်လည်း ပေါက်ရောက်ပြီးတဲ့၊ ကိုယ်တိုင်လည်း ဒီအသိဉာဏ်တွေကို လွန်မြောက်ပြီးတဲ့ နေရာလေးကိုရောက်ဖူးတဲ့၊ ရှေ့ကို တရားဉာဏ်တင်ပေးနိုင်တဲ့ ဆရာ၊ တရားဉာဏ် တက်ပေးနိုင်တဲ့ဆရာ၊ ဓမ္မဉာဏ်အလင်းတွေ ပွင့်အောင် ဖွင့်ပေးနိုင်တဲ့ဆရာ၊ သစ္စာဓမ္မတွေ သိအောင်ပြတတ်တဲ့

ဆရာကို **‘ပရိယေသိတဗ္ဗော’** ရှာပါ။

ဒါ သံယုတ်မှာ (၅၂၈)ကြိမ် ဘုရား ဟောထားတာ။ နည်းနည်း အရေးကြီးလို့လား။ အလွန့်အလွန် အရေးကြီးလို့လား။

အလွန့်အလွန် အရေးကြီးတယ်။ အင်မတန် အရေးကြီးတယ်။ ဘာကြောင့်လဲ နိဗ္ဗာန်ကို သွားတဲ့အလုပ် လုပ်နေတာ။ စီးပွားရှာနေတာလား။”

“မဟုတ်ပါဘုရား။”

“စီးပွားရှာ ကုန်ကူးနေတာလား။”

“မဟုတ်ပါဘုရား။”

“အေး.. စီးပွားရှာ ကုန်ကူးတာက ဒီတစ်ကြိမ် ရှုံးသွား၊ နောက်တစ်ခါ မြတ်အောင် အားထုတ်လို့ မရဘူးလား။”

“ရပါတယ်ဘုရား။”

“အေး... ဒီကနေ့ ဟောဒီမှာ တစ်ဘဝ တစ်ခန္ဓာ သာသနာနဲ့ တွေ့နေတဲ့အချိန်အခါမှာ ဆရာကောင်းနဲ့မှ မတွေ့ရင် ယောဂီတို့ တရားဉာဏ် တက်ပါ့မလား။”

“မတက်ပါဘုရား။”

“တရားအသိ တိုးပါ့မလား။”

“မတိုးပါဘုရား။”



“ဓမ္မဉာဏ်အလင်းတွေ ပွင့်ပါ့မလား။”

“မပွင့်ပါဘုရား။”

“ဓမ္မဉာဏ်တွေ ထွန်းလင်းနိုင်ပါ့မလား။”

“မထွန်းလင်းနိုင်ပါဘုရား။”

**“ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-**

ဟုတ်တိုင်းမှန်စွာကို ပြတတ်တဲ့ ဆရာကိုရှာ။ အဲဒီမှာ ဆရာကို ရှာရတော့မယ်။ ဟုတ်တယ် မဟုတ်လား။”

“မှန်ပါ့ဘုရား။”

“ဒီနေရာမှာ ယောဂီ တင်,မနေဘူးလား။”

“တင်နေပါတယ်ဘုရား။”

“တင်,နေပြီ။ တရားဉာဏ် မတက်တော့ဘူး။ ဒါကြီး နိဗ္ဗာန်ထင်နေရင် ရှေ့ တရားတက်ပါ့မလား။”

“မတက်ပါဘုရား။”

“မတက်တော့ဘူး။ အဲဒီတော့ သတိလည်း မထင်ရှားတော့ ဘူး။ ပညာလည်း မထင်ရှားတော့ဘူး။ သိစိတ်ကလေးပဲ သိ နေတယ်။ အဲဒီသိစိတ်ကလေးက ဘာသိနေတာလဲ မေးတော့ ဘာမှ မသိဘူး။ ဟုတ်တယ် မဟုတ်လား။”

“မှန်ပါဘုရား။”

## သတိပညာက နိဗ္ဗာန်ကို ကျေးဇူးပြုတာ

"ယောဂီတို့ သဘောပျက်ကြီး ရှုနေတယ်ဆိုတာက သဘောပျက် ရချင်လို့ ရှုတာလား။ နိဗ္ဗာန်ရချင်လို့ ရှုတာလား။

"နိဗ္ဗာန်ရချင်လို့ ရှုတာပါဘုရား။"

"သဘောပျက်ကြီး ရှုနေတာ သဘောပျက်ကြီး ရချင်လို့ ရှုတာလား။ နိဗ္ဗာန်ရချင်လို့ ရှုတာလား။"

"နိဗ္ဗာန်ရချင်လို့ ရှုတာပါဘုရား။"

"နိဗ္ဗာန် ရချင်လို့ ရှုတာနော်။ အဲဒီသဘောပျက်ကြီး ကတော့ နိဗ္ဗာန်မရနိုင်ဘူး။

အဲဒီတော့ ယောဂီတို့ သဘောပျက်ရှုတယ်ဆိုတာ တခြားလား။ သဘောပျက် ရချင်လို့ ရှုတာလား။ နိဗ္ဗာန်ရချင်လို့ ရှုတာလား။"

"နိဗ္ဗာန်ရချင်လို့ ရှုတာပါဘုရား။"

"ဒါဖြင့်ရင် သဘောပျက်က နိဗ္ဗာန် ရမှာလား။ သတိ ပညာက နိဗ္ဗာန်ရမှာလား။"

"သတိ ပညာက နိဗ္ဗာန် ရမှာပါဘုရား။"

"အေး·· ခန္ဓာက သဘောတွေ ပျက်သွားတဲ့ ဟောဒီ အရှုခံသဘောပျက်ကြီးကို ရှုနေတယ်ဆိုတာသည် သတိ တိုးပွားဖို့၊ ပညာ တိုးပွားဖို့ ရှုနေတာ။ ဟောဒီ သဘောပျက်ကြီးက



နိဗ္ဗာန်ကို ကျေးဇူး မပြုဘူး။ သတိပညာက နိဗ္ဗာန်ကို ကျေးဇူးပြုတာ။

သဘောပျက်ကြီးက ကျေးဇူးပြုတာလား။ သတိ ပညာက ကျေးဇူးပြုတာလား။"

"သတိ ပညာက ကျေးဇူးပြုတာပါဘုရား။"

"ဒါဖြင့် ယောဂီတို့ ဟောဒီမှာ သဘောပျက် ရှုတယ်ဆိုတာသည် သဘောပျက်ကြီး ရချင်လို့ ရှုတာလား။ သတိ ပညာ တိုးပွားဖို့ ရှုတာလား။"

"သတိ ပညာ တိုးပွားဖို့ ရှုတာပါဘုရား။"

"အေး··အဲဒီ သတိ ပညာက နိဗ္ဗာန်ကို ကျေးဇူးပြုမှာ၊ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

**"ယာဝ ဒေဝ ဉာဏ မတ္တာယ ပဋိဿတိ မတ္တာယ။"**

သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတယ်။ အဲဒီမှာ သတိ တိုးပွားစေခြင်း အကျိုးငှာ၊ ပညာကို တိုးပွားစေခြင်းအကျိုးငှာ ရှုတာ။ အဲဒီသဘောပျက်ကြီး ရှုတယ်ဆိုတာ သတိပညာ တိုးပွားဖို့ ရှုတာတဲ့။

ယောဂီတို့ ဟောဒီသဘောပျက်ကြီး ရှုနေတယ်ဆိုတာ ဘာတွေ တိုးပွားဖို့ ရှုတာလဲ။"

“သတိ ပညာ တိုးပွားဖို့ပါဘုရား။”

“အဲဒီ သတိ ပညာ တိုးပွားမှ အဲဒီ သတိ ပညာက နိဗ္ဗာန်ကို ကျေးဇူးပြုမယ်တဲ့။ အဲဒီတော့ ရှင်းရဲ့လား။”

“ရှင်းပါတယ်ဘုရား။”

“ရှင်းပြီးတဲ့အခါကျတော့ ယောဂီက ဘာမှ ရှုစရာ မရှိတော့ဘူးဆိုတော့ အဲဒီယောဂီ သတိလေး ပြန်ထားပါ။ ကိုယ့်ရဲ့ အရှုခံအာရုံဖြစ်တဲ့ သဘောပျက်မှာ သတိလေးမြဲပါ။ သတိလေးကို ကပ်ပြီးထားလိုက်မယ်ဆိုရင် ယောဂီရဲ့ ရှုကွက်အာရုံထဲမှာ သဘောပျက်ကို ပညာက ပိုင်းခြားပေးမယ်။ ပညာက ပိုင်းခြားပေးရင် မနောဝိညာဏ်က သိနေမယ်။ ဟုတ်တယ် မဟုတ်လား။”

“မှန်ပါတယ်ဘုရား။”

“မနောဝိညာဏ်စိတ်နဲ့ သိနေပြီနော်။ ယောဂီတွေ ဒီအချိန်အခါမှာ စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်။ အဲဒီမှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်။ အဲဒါ ပဉ္စာရုံတွေ မလာတော့ဘူး။ လာသေးလား။”

“မလာတော့ပါဘုရား။”

“မနောဝိညာဏ်စိတ် သိစိတ်ကလေးပဲ ကျန်တော့တယ်။ ဟုတ်တယ် မဟုတ်လား။



## ယောဂီကမ္မဋ္ဌာန်း ပျက်သွားပြီ

အဲဒီလို စိတ်မပြောင်းဘဲနဲ့၊ ဆရာသမားက ရှုကွက်ကို လမ်းကြောင်း မပေးဘဲနဲ့၊ ရှုကွက်ကို တည့်မတ်မပေးဘဲနဲ့၊ ရှုနည်းကို ဆရာသမားက ပြောမပေး၊ ဟောမပေးရင် ရှေ့တရားဉာဏ် တက်ပါ့မလား။”

“မတက်ပါဘုရား။”

“အဲဒီတော့ အရှုခံသဘောပျက်တွေ ပျောက်ပြီး သိစိတ်ကလေးပဲ ကျန်နေရင် အဲဒါကြီးကို နိဗ္ဗာန်ထင်နေရင် ဟုတ်ပါ့မလား။”

“မဟုတ်ပါဘုရား။”

**ကမ္မဋ္ဌာနံ** - ကမ္မဋ္ဌာန်းသည်၊

**ပရိတပ္ပတိ** - ပျက်စီး၍သွားပြီ။

အဲဒီ ယောဂီ ကမ္မဋ္ဌာန်းပျက်သွားပြီ။ ဘာပျက်သွားတာတုံး။”

“ကမ္မဋ္ဌာန်းပျက်သွားပါတယ်ဘုရား။”

“ကမ္မဋ္ဌာန်း ပျက်သွားပြီ။ တရားဉာဏ် တက်ပါဦးမလား။”

“မတက်ပါဘုရား။”

“အဲဒီတော့ ဘာရှာရမှာလဲ။ ဆရာကောင်း ရှာ။

ဟော ဆရာကောင်းက ညွှန်တဲ့အတိုင်း သတိလေးကပ်ပါ။ အရှုခံသဘောပျက်ကို သတိလေးကပ်ပါ။ အရှုခံ သဘောပျက်ကို သတိလေး ကပ်ထားလိုက်တော့ ပညာက အပျက်ကို မပိုင်းခြားဘူးလား။”

“ပိုင်းခြားပါတယ်ဘုရား။”

## သဘောပျက်ကြီးက ဆင်းရဲတဲ့တရားကြီးပါ

“ပိုင်းခြားပေးတော့ မနောဝိညာဏ်က သိမနေဘူးလား။ သိနေပြီ။ အဲဒီလို သိနေတဲ့အခါကျတော့မှ အဲဒီ အပျက်ထဲမှာ ကြည့်။ အဲဒီအပျက်ကို ကြည့်နေရင်းနဲ့ ယောဂီတွေ ဝမ်းသာဝမ်းနည်းတဲ့ စိတ်ရှိသေးလား။”

“မရှိပါဘုရား။”

“စိတ်တွေ တွန့်တာတွေ လာသေးလား။”

“မလာပါဘုရား။”

“ပျံ့လွင့်တာတွေ လာသေးလား။”

“မလာပါဘုရား။”

“ကြောင့်ကြစရာ၊ တောင့်တစရာ ပူပန်တာတွေ ရှိသေးလား။”

“မရှိပါဘုရား။”

“မရှိတော့ဘူး။ အဲဒီမှာ ရှုမနေဘူးလား။ ဘာကို ရှုနေ



တာလဲ။ သဘောပျက်ကလေးကို ပညာက ပိုင်းခြားပေးတာကို မနောဝိညာဏ်စိတ်ကလေးက သိပြီးတော့ နေတယ်။

အဲဒီ သိစိတ်ကလေး ရှုနေရင်းနဲ့ အဲဒီ အပျက်ဆိုတဲ့ သဘောသည်-

**အတ္တေန ဝါ** - ငါဆိုသော သဘောမှလည်းကောင်း၊
**အတ္တနိယေန ဝါ** - ငါ့ဥစ္စာဆိုသော သဘောမှလည်းကောင်း၊
**သုညံ** - မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်၊
**ဒဋ္ဌဗ္ဗံ** - ရှု၏။

ဒီအပျက်ဆိုတဲ့ သဘောထဲမှာ ငါ မရှိပါလား။ ငါ့ဥစ္စာ မရှိပါလား။ ငါ မရှိပါလား။ ငါ့ဥစ္စာ မရှိပါလားဆိုတော့ ဝမ်းနည်းဝမ်းသာ ဖြစ်သေးလား။ ကြောင့်ကြခြင်း၊ တောင့်တခြင်း ပူပန်တာတွေ လာသေးလား။”

“မလာပါဘုရား။”

“မလာတော့ဘူး။ မနောဝိညာဏ်စိတ်ကလေးက အပျက်ကို ရှုနေတာနော်။ အဲဒီ အပျက်ကြီး ရှုလိုက်တဲ့အခါကျတော့ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း အဲဒီမှာ အရှိန်အဟုန်တွေနဲ့ ပျက်နေတယ်။

အဲဒီ အပျက်ကြီး ကြည့်နေတော့ ဒီအပျက်ကြီးက အော် တစ်ပျက်တည်း ပျက်နေတာပါလား။ မကြည့်လိုက်နဲ့ ကြည့်လိုက်ရင် ပျက်။ မသိလိုက်နဲ့ သိလိုက်ရင် ပျက်။

ကြည့်စမ်း··သဘောပျက်ကြီးပါလား။ သဘောပျက်ကြီး ကြည့်နေတဲ့အခါကျတော့ အဲဒီသဘောပျက်ကြီးက ဆင်းရဲတဲ့ တရားကြီးပါလား။ ဆင်းရဲတဲ့ တရားကြီးပါလားဆိုပြီးတော့ အဲဒီ ပျက်နေတဲ့သဘောကို၊ ဆင်းရဲကို ဆင်းရဲမှန်း သိမလာ ဘူးလား။"

"သိလာပါတယ်ဘုရား။"

"အေး·· အရှုခံဆိုတဲ့ သင်္ခါရအပျက်ဒုက္ခသစ္စာ။ ဒါ သစ္စာ ဖွဲ့လိုက်တာ။ အပျက်ဆင်းရဲကြီးကို မြင်သွားတာ။ အဲဒီ ဆင်းရဲ ကြီးကို မြင်လာရင် အဲဒီ သဘောပျက် ဆင်းရဲကြီးကို ဆင်းရဲမှန်း သိလာရင် အဲဒီ ဆင်းရဲကို သိနေတာ လူက သိတာလား။ ဉာဏ် က သိတာလား"

"ဉာဏ်က သိတာပါဘုရား။"

"အဲဒီဆင်းရဲသည် ငါတွေ့ ဆင်းရဲလား၊ ဉာဏ်တွေ့ ဆင်းရဲလား။"

"ဉာဏ်တွေ့ ဆင်းရဲပါဘုရား။"

## သဘောပျက် ဆင်းရဲကြီးနဲ့ မနေချင်တော့ဘူး

"ဉာဏ်နဲ့ တွေ့ပြီ၊ ဆင်းရဲကြီး ဉာဏ်နဲ့တွေ့တော့ အဲဒီ ဆင်းရဲကြီးက လွတ်ချင်တဲ့စိတ်ကလေး မဖြစ်ဘူးလား။"

"ဖြစ်ပါတယ်ဘုရား။"



"အဲဒီဆင်းရဲကြီး ထားပြီးတော့ လွတ်ချင်တဲ့စိတ်ကလေး မဖြစ်ဘူးလား။"

"ဖြစ်ပါတယ်ဘုရား။"

"ဒီဆင်းရဲကြီးနဲ့ နေချင်သေးလား။"

"မနေချင်ပါဘုရား။"

"ရုပ်ကုဋ္ဌေ ငါးထောင်၊ နာမ်ကုဋ္ဌေ တစ်သိန်း၊ ခဏမစဲ တသဲသဲ ဟောဒီမှာ ပျက်နေတယ်။ ဟောဒီ အပျက်ဆိုတဲ့ သင်္ခါရ ဒုက္ခသစ္စာ၊ ဆင်းရဲကြီးကို ဉာဏ်နဲ့တွေ့ပြီ။ အဲဒီမှာ ဉာဏ်နဲ့ တွေ့ပြီ။

**ဒုက္ခေဉာဏံ** - ဆင်းရဲကို ဉာဏ်နဲ့ တွေ့ပြီးနေတော့ ငါ တွေ့ ဆင်းရဲလား။ ဉာဏ်တွေ့ ဆင်းရဲလား။"

"ဉာဏ်တွေ့ ဆင်းရဲပါဘုရား။"

"ဉာဏ်တွေ့ ဆင်းရဲတွေ့ပြီ။ ဆင်းရဲတွေ့တော့ ဒီဆင်းရဲ ကြီးနဲ့ နေချင်သေးလား။"

"မနေချင်တော့ပါဘုရား။"

"မနေချင်တော့ ဒီဆင်းရဲကို ထားပြီးတော့ ဆင်းရဲလွတ် အောင် မရှုဘူးလား။"

"ရှုပါတယ်ဘုရား။"

## ဆင်းရဲလွတ်ရာ နိဗ္ဗာန်ရှု

"ဆင်းရဲကြီးကို ထားခဲ့ပြီးတော့ ဆင်းရဲတွေ ငြိမ်းတဲ့၊ ဆင်းရဲတွေသိမ်းတဲ့ အဲဒီ ငြိမ်းအေးတဲ့ သဘောလေးကို စိတ်က ညွှတ်ညွှတ်ပြီး မသွားဘူးလား။ စိတ်ကလေးက ညွှတ်မကြည့်ဘူးလား။"

"ကြည့်ပါတယ်ဘုရား။"

"ဆင်းရဲလွတ်တဲ့ နေရာလေး မရှာဘူးလား။"

"ရှာပါတယ်ဘုရား။"

"ညွှတ်ညွှတ်ပြီး မကြည့်ဘူးလား။"

"ကြည့်ပါတယ်ဘုရား။"

"ကြည့်တယ်၊ ဟုတ်တယ် မဟုတ်လား။

**"အမတာဓာတုယာ စိတ္တံ ဥပသံဟရတိ။"**

**အမတာဓာတုယာ** - အငြိမ်းဓာတ်သဘောတရားလေးကို၊
**စိတ္တံ** - စိတ်သည်၊
**ဥပသံဟရတိ** - ပူးကပ်၍ ပေးလိုက်၏။
ဒါ စာပေက ဆိုထားတာ။

**အမတာဓာတုယာ** - အမတဓာတ်သို့၊
- မသေရာ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းအေးတဲ့ သဘောသို့၊



**စိတ္တံ** - ရှုနေတဲ့စိတ်သည်၊
- အပျက်သဘောကို ရှုနေတဲ့စိတ်သည်၊

ဆင်းရဲကြီးပါလား။ ဆင်းရဲလိုက်တာ။ ဆင်းရဲတယ်။ အဲဒီ စိတ်က သိတော့ စိတ်ကလေးက ရှုတယ်။ ဆင်းရဲတယ်၊ ဆင်းရဲတယ်။ ဆင်းရဲလိုက်တာ၊ ဒုက္ခဆင်းရဲကြီးပါလား။ အဲဒီ ဆင်းရဲကို သိနေတဲ့

**စိတ္တံ** - စိတ်သည်၊
**ဥပသံဟရတိ** - ပူးကပ်၍ ပေးလိုက်၏။

နိဗ္ဗာန်ကို ဒါ ညွှတ်တဲ့စိတ် ဖြစ်သွားတာ။ နိဗ္ဗာန်ကို ညွှတ်လိုက်။ နိဗ္ဗာန်ကို အာရုံပြုလိုက်။ ဒုက္ခ ဆင်းရဲကြီးဆိုသော သဘောပျက်ကို သိလိုက်။

နိဗ္ဗာန်ကို ညွှတ်လိုက်။ သဘောပျက် ဆင်းရဲကြီး သိလိုက်။ နိဗ္ဗာန်ကို ညွှတ်လိုက်။ ဖြစ်မနေဘူးလား။"

"ဖြစ်နေပါတယ်ဘုရား။"

"ယောဂီ… ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"အေး… နိဗ္ဗာန်ကို ညွှတ်တဲ့စိတ်၊ နိဗ္ဗာန်ကို ကိုင်းတဲ့စိတ်၊ နိဗ္ဗာန်ကို ဦးတည်နေတဲ့စိတ် ဖြစ်ပြီ။

**ဘိက္ခဝေ သမ္မာဒိဋ္ဌိ နိဗ္ဗာနနိန္နာ နိဗ္ဗာနပေါဏာ နိဗ္ဗာန ပဗ္ဘာရာတိ။**

**ဘိက္ခဝေ** - ချစ်သား ချစ်သမီးတို့၊
**သမ္မာဒိဋ္ဌိ** - သဘောပျက်ကို မြင်နေပါတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိ အသိဉာဏ်သည်၊
**နိဗ္ဗာန နိန္နာ** - နိဗ္ဗာန်သို့ ညွတ်နေသည်၊
**နိဗ္ဗာန ပေါဏာ** - နိဗ္ဗာန်သို့ ကိုင်းနေသည်၊
**နိဗ္ဗာန ပဗ္ဘာရာ** - နိဗ္ဗာန်သို့ ဦးတည်နေသည်၊
**ဟောတိ** - ဖြစ်၏။

အဲဒီ သဘောပျက်ကြီးကို ပညာက ပိုင်းခြားပေးတဲ့အတိုင်း မနောဝိညာဏ်စိတ်ကလေးက သိ သိ သိနေတော့ ဆင်းရဲမှန်း သိမသွားဘူးလား။"

"သိသွားပါတယ်ဘုရား။"

"ဆင်းရဲမှန်းသိတော့ အဲဒီဆင်းရဲကြီးနဲ့ မနေချင်တော့ဘူး။ ဒီဆင်းရဲကြီးကို မုန်းအောင် ရှုပြီ။ မလိုချင်အောင် ရှုပြီ။ ဒီ ဆင်းရဲကြီး ထားခဲ့ပြီးတော့ ဆင်းရဲလွတ်တဲ့ နေရာလေးကို ရှာပြီ။ ရှာတယ်ဆိုတာက နိဗ္ဗာန်ကို ညွတ်တာ။ ရှာတယ်ဆိုတာ နိဗ္ဗာန်ကို ရှာတာ။ နိဗ္ဗာန်ကို ညွတ်တယ်။ နိဗ္ဗာန်ကို ညွတ်ညွတ်ပြီး ကြည့်တယ်။ နိဗ္ဗာန်ကို မမြင်သေးရင် အဲဒီဆင်းရဲကြီး ပြန်ပြီး ရှုနေရတာ။ သဘောပေါက်ရဲ့လား။ ရှင်းရဲ့လား။"



"ရှင်းပါတယ်ဘုရား။"

## ဘယ်စိတ်တွေ ချုပ်တာ သိဖို့လို

"ဒါကြောင့် ယောဂီတွေ ဒီနေရာမှာ ကြည့်တဲ့အခါကျ တော့ တချို့က အဲဒီနေရာမှာ ချုပ်တယ်။ မပြောဘူးလား။ ချုပ်သွားပြီ၊ ဘာမှ မသိတော့ဘူး။ ချုပ်တယ် ချုပ်တယ်ဆိုတာ ဘာ ချုပ်တာလဲ။ အရှုခံတွေ ချုပ်သွားတာလား။ ရှုစိတ်တွေ ချုပ်သွားတာလား။

စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ် ချုပ်သွားတာလား။

သောတဝိညာဏ် ကြားသိစိတ် ချုပ်သွားတာလား။

ဃာနဝိညာဏ် နံသိစိတ် ချုပ်သွားတာလား။

ဇိဝှါဝိညာဏ် စားသိစိတ် ချုပ်တာလား။

ကာယဝိညာဏ် ထိသိစိတ် ချုပ်တာလား။ ဘာစိတ်တွေ ချုပ်တာလဲ။

တရားတွေ ထိုင်လာတာ (၉)ရက်ရှိပြီ။ ဘယ်စိတ်တွေ ချုပ်တာလဲ။ ကဲ·· ယောဂီတို့ ဘယ်စိတ်တွေ ချုပ်တာလဲ သိဖို့ မလိုဘူးလား။"

"လိုပါတယ်ဘုရား"

အေး···ဒီနေရာမှာ ဘယ်စိတ်တွေ ချုပ်တာလဲဆိုတော့ စူဠနိဒ္ဒေသပါဠိတော်ကြီးက-

**သောတာပတ္တိ မဂ္ဂဉာဏေန အဘိသင်္ခါရ ဝိညာဏဿ နိရောဓေန။**

**သောတာပတ္တိမဂ္ဂဉာဏေန** - သောတာပတ္တိမဂ်ဉာဏ်သည်၊

**အဘိသင်္ခါဝိညာဏဿ** - အဘိသင်္ခါရဝိညာဏ်ကို၊

**နိရောဓေန** - ချုပ်တာ။

ဒါ ပါဠိတော်က ပြတာ။ အဲဒီတော့ ချုပ်တယ်ဆိုတာ ဘာချုပ်တာလဲ။ အရှုခံလည်း မချုပ်ဘူး ယောဂီတို့။ ဟောဒီ အရှုခံဆိုတဲ့ သဘောကလည်း မချုပ်ဘူး။ ရှုစိတ်ကလည်း မချုပ်ဘူး။

ဒါ ဘုန်းကြီးက ဝန်ခံတာ မဟုတ်ဘူး။ ဘုရားရှင်က ဝန်ခံတဲ့တရား။ ယောဂီတွေက ချုပ်တယ်၊ ချုပ်တယ်။ ဘာတွေ ချုပ်မှန်း မသိဘူး။ ချုပ်နေကြတာပဲ။ အဲဒီမှာ အရှုခံလည်း မချုပ်ဘူး။ ရှုစိတ်လည်း မချုပ်ဘူး။ ဘာချုပ်လဲ။ အဘိသင်္ခါရဝိညာဏ် ချုပ်သွားတာ။

သောတာပတ္တိမဂ်အခိုက်မှာ မဂ်ဉာဏ်အခိုက်မှာ ဘာချုပ်လဲလို့ မေး။

"အဘိသင်္ခါရဝိညာဏ် ချုပ်တာ"။

အဘိသင်္ခါရဝိညာဏ်ဆိုတာ ဘာလဲ။ စေတနာနဲ့ ယှဉ်တဲ့ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်။ အဲဒီအဘိသင်္ခါရဝိညာဏ် ချုပ်သွားတာ "သောတာပတ္တိမဂ်"။



အခုတော့ ယောဂီတို့က အရှုခံ ချုပ်ရတာနဲ့၊ ရှုစိတ်ချုပ်ရတာနဲ့ ဘာတွေ ချုပ်နေမှန်းလည်း မသိဘူး။ ဒါ ဘုရား ဝန်ခံတာနော်။ ဘုန်းကြီးက ဝန်ခံတဲ့တရား မဟုတ်ဘူး။

## ရွှေစစ်သော တရားတွေပါ

ဒါကြောင့် ဘုန်းကြီးတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်တွေ့ ဝိပဿနာ လုပ်ငန်းတွေကို ဒီကနေ့ ဟောဒီမှာ တရားပြနေတဲ့ ဆရာ မောင်ကေသာဦး လူပုဂ္ဂိုလ်ပဲ။ ပရိယတ္တိကလည်း အားနည်းတယ်။

ပရိယတ္တိလည်း မကျွမ်းကျင်ဘဲနဲ့ ဟောဒီသဘောပျက်ကြီးကို ရှုခိုင်းတာ သူ ထင်ရာမြင်ရာ ရှုခိုင်းတဲ့တရားလို့ မထင်အောင် ဘုန်းကြီးက တပည့်ပြတဲ့ ခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားတွေ၊ မောင်ကေသာဦး ခန္ဓာက တကယ်အားထုတ်လို့ တကယ်သိလာတဲ့ တရားတွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ပရိယတ်စည်းကမ်းနဲ့အညီ ပဋိပတ်ဆိုတဲ့ သူ့ခန္ဓာမှာ တကယ်ကျင့်လို့ တကယ်သိပြီးတော့ တကယ်လွတ်တဲ့ စိတ်ကလေး ရလာလို့ ဟောဒီသဘောပျက်ကို သိပြီးတော့ သဘောပျက် သင်္ခါရဒုက္ခသစ္စာက လွတ်တဲ့နေရာလေး ရလာလို့ အဲဒီ လွတ်စိတ်ကလေးနဲ့ ဒီနေ့တရားအားထုတ်တဲ့ ဘုန်းကြီးတို့

ယောဂီတွေ သိကြပါစေ၊ မြင်ကြပါစေဆိုပြီးတော့ ဒါ သူ ဟော နေတာ။

ဒါ ဘုန်းကြီးရဲ့တပည့် တရားပြနေတာတွေကို ရွှေစစ် မစစ် ဟောဒီဘုရားရှင်ရဲ့ မှတ်ကျောက်တင်ပြတာ။ သူဟောတဲ့ တရားတွေဟာ သူ့ရဲ့နှုတ်က ထွက်တဲ့တရားတွေဟာ ရွှေတရား တွေလား။ ဘာတရားတွေလဲ။

အေး‥ ဘုရားဟောတဲ့ တရားတည်းဟူသော မှတ် ကျောက်ကြီးပေါ်မှာ မောင်ကေသာဦးရဲ့ နှုတ်ကဟောတဲ့တရား တွေဟာ ရွှေတရားတွေပါ။ ရွှေစစ်တဲ့ တရားတွေပါလို့ ဘုန်းကြီး က မှတ်ကျောက်တင်ပြတာ။ ဟုတ်တယ် မဟုတ်လား။”

“မှန်ပါဘုရား”

“အရှင်ဘုရားတို့ ဆရာတော်တွေ ပါဠိတွေ ကျက်ကျက် ပြီးတော့ ကိုယ်ရတိုင်း ရွတ်ပြီး ဟောတယ် မထင်ပါနဲ့။ ရွှေ စစ်,မစစ် လောကမှာ မှတ်ကျောက်မတင်ရဘူးလား။”

“တင်ရပါတယ်ဘုရား။”

“စစ်ရင် စစ်၊ မစစ်ရင် ရွှေအတုနဲ့ တိုးသွားရင် ဘယ့်နှယ် လုပ်မလဲ။ ဟုတ်တယ် မဟုတ်လား။

တရားအားထုတ်နေရင်းနဲ့လည်းပဲ ရုပ်စစ် ရုပ်တုဆိုတာ ရှိတယ်တဲ့။ အဲဒါကို ကွဲကွဲပြားပြား မခွဲခြားနိုင်ရင် ရွှေအစစ်နဲ့ ရွှေအတုမှ မခွဲခြားနိုင်ရင် ဘယ့်နှယ်လုပ်မလဲ။”



“အတုနဲ့ ညှားပါမယ်ဘုရား”

အတုနဲ့ ညှားလို့ သူများ အလိမ်မခံရဘူးလား။ အေး‥ ဒါကြောင့်မို့လို့ ယောဂီတို့ ဟောဒီမှာ ဘုန်းကြီးတို့ရဲ့ တပည့် မောင်ကေသာဦး တရားပြဆရာရဲ့ ခန္ဓာမှာ သိလာတဲ့တရား၊ ကျင့်လာတဲ့တရားတွေဟာ ပရိယတ်စည်းကမ်းနဲ့ ပဋိပတ်ဆိုတဲ့ လုပ်ငန်း ကိုက်မနေဘူးလား။”

“ကိုက်နေပါတယ်ဘုရား”

## ပညတ်ရုပ် ပညတ်နာမ်တွေ ချုပ်သွားတာ

“အေး…အဲဒါကြောင့်မို့လို့ ဟောဒီမှာ **အဘိသင်္ခါရဝိညာ ဏသသ** အဲဒီအဘိသင်္ခါရဝိညာဏ်ဆိုတာ ကုသိုလ်၊ အကုသိုလ် စိတ် ချုပ်သွားတာ။ ရှင်းရဲ့လား။”

“ရှင်းပါတယ်ဘုရား”

“အဲဒီတော့မှ ယောဂီတို့ ရုပ်ချုပ်တာလည်း မဟုတ်ဘူး။ နာမ်ချုပ်တာလည်း မဟုတ်ဘူးနော်။ ရုပ်လည်း မချုပ်ဘူး။ နာမ်လည်း မချုပ်ဘူး။

ဘုန်းကြီးတို့ အနန္တဂုဏ်အင် ကျေးဇူးရှင်ဆရာတော်ဘုရား ကြီးက ရုပ်လည်း မချုပ်ဘူး။ နာမ်လည်း မချုပ်ဘူးတဲ့။

(ဆရာတော်ကြီးက မဂ်ကျတာဟာ မေ့နေရင် ဘယ်လို လုပ်မလဲတဲ့။)[၂]

ဆရာတော်ကြီးကတော့ (ပညတ်ရုပ်၊ ပညတ်နာမ်တွေ ချုပ်သွားတာ။)[၂]

ပညတ်ရုပ်၊ ပညတ်နာမ်ဆိုတာ သိတယ် မဟုတ်လား”

“သိပါတယ်ဘုရား”

“မရှိပညတ်၊ ရှိပညတ်၊ ပညတ်ရုပ် ပညတ်နာမ်တွေ ချုပ်သွားပြီ။ ဟုတ်တယ်မလား။ အဲဒီအပေါ်မှာ ချုပ်သွားတော့ သဘောနာမ်ရုပ် မကျန်ဘူးလား။ အဲဒီသဘောနာမ်ရုပ်ရဲ့ အပျက်ကလေး သိနေရင် အဲဒီမှာ သင်္ခါရဆိုတဲ့၊ သဘောပျက်ဆိုတဲ့ အကျိုးတရားကနေပြီးတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ္တသင်္ခါရတွေ အဲဒီမှာ ချုပ်သွားပြီ။ ဒါဖြင့် အရှုခံ သင်္ခါရ သဘောပျက်ကြီးက ချုပ်ရဲ့လား။”

“မချုပ်ပါဘုရား။”

“သဘောပျက် ရုပ်ကြီးက ချုပ်ရဲ့လား။”

“မချုပ်ပါဘုရား။”

“ချုပ်ရဲ့လား။”

“မချုပ်ပါဘုရား။”

“နာမ်ကကော ချုပ်ပြီလား။”

“မချုပ်သေးပါဘုရား။”

“မနောဝိညာဏ် သိစိတ်ကလေး ချုပ်ပြီလား။”



“မချုပ်ပါဘုရား။”

## သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ချုပ်သွားရင် သောတာပန်

“မချုပ်ဘူး။ ဘာချုပ်သွားသလဲဆိုရင် ရှုနေတဲ့ သဘောပျက်ဆိုတဲ့ အကျိုးသင်္ခါရပေါ်က နေပြီးတော့ အဲဒီအချိန်အခါမှာ အကုသိုလ်စိတ် ကုသိုလ်စိတ် ချုပ်သွားတာ။ ဒါကို ဆရာတော်ဘုရားကြီးက အကုသိုလ်စိတ်၊ ကုသိုလ်စိတ် ချုပ်သွားတာ၊ နာမ်ပျက်ဆုံးသွားတာ။ အဲဒီအချိန်မှာ အကုသိုလ်စိတ်လည်း မဖြစ်တော့ဘူး။ ကုသိုလ်စိတ်လည်း မဖြစ်တော့ဘူး။ အဲဒီတော့မှ **သောတာပတ္တိမဂ္ဂဉာဏေန**- သောတာပတ္တိမဂ်ဉာဏ်သည်၊ **အဘိသင်္ခါဝိညာဏဿ**- အဘိသင်္ခါရဝိညာဏ်ကို၊ **နိရောဓေန**- ချုပ်တယ်။

သောတာပတ္တိမဂ်ဆိုတာ အဘိသင်္ခါရဝိညာဏ်ဆိုတဲ့ စေတနာနဲ့ယှဉ်နေတဲ့ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ချုပ်သွားတာ။ အဘိသင်္ခါရဝိညာဏ်ဆိုတာ ယောဂီတို့ နားလည်နေတဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ။ ဒါဆို ယောဂီတို့ ရှင်းသွားပြီ။ ဟုတ်တယ် မဟုတ်လား။ တရားအားထုတ်တဲ့ ယောဂီတွေ ဟောဒီမှာ သက္ကာယဒိဋ္ဌိနဲ့ ယှဉ်တဲ့စိတ်၊ ဝိစိကိစ္ဆာနဲ့ ယှဉ်တဲ့စိတ်ကို အဘိသင်္ခါရဝိညာဏ် ခေါ်တယ်။ အဘိသင်္ခါရဝိညာဏ် ချုပ်သွားတယ်။ ဟုတ်တယ် မဟုတ်လား။ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပယ်လိုက်တာ။ အရှုခံသဘောပျက်တွေ ချုပ်ရဲ့လား။”

"မချုပ်ပါဘုရား။"

"ရှုနေတဲ့ မနောဝိညာဏ် အသိကော ချုပ်ရဲ့လား။"

"မချုပ်ပါဘုရား။"

"ဘာ ချုပ်သွားတာလဲ။ ကုသိုလ် အကုသိုလ် ချုပ်သွားပြီ။ အဘိသင်္ခါရဝိညာဏ် ချုပ်သွားပြီ။ အဲဒီ သောတာပတ္တိမဂ်ခဏမှာ အဘိသင်္ခါရဝိညာဏ် ချုပ်တာ။ ချုပ်တော့မှ အဲဒီ သဘောပျက်ဆိုတဲ့ သင်္ခါရဒုက္ခဆင်းရဲကြီး ကြည့်လိုက်တဲ့အခါ သူ မဟုတ်ပါလား။ ငါ မဟုတ်ပါလား။ ယောက်ျား မိန်းမ ပုဂ္ဂိုလ် မဟုတ်ပါလား။

ခေါင်း ခါး ကိုယ် ခြေ လက်ဆိုတဲ့ ပညတ်တရားတွေ မရှိတော့ပါလား။ အဲဒီတော့မှ သဘောပျက် သင်္ခါရဒုက္ခ ဆင်းရဲကြီးကို သိသွားတဲ့အခါကျတော့မှ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ အစွဲကြီး ချုပ်သွားတာ။ ဟုတ်မှ ဟုတ်ရဲ့လားလို့ သို့လော သို့လော သံသယ ဖြစ်သေးလား။"

"မဖြစ်ပါဘုရား။"

"အဲဒီတော့မှ ဝိစိကိစ္ဆာ ချုပ်သွားတာ။ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ချုပ်သွားရင် ဒါ သောတာပန်။ ဟုတ်တယ် မဟုတ်လား။ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား။"



## ကုသိုလ် အကုသိုလ်စိတ်တွေ ချုပ်သွားတာကို သိနေတာ

"အေး·· ဒါကြောင့် ယောဂီတို့က ရုပ် ချုပ်ရတာနဲ့၊ နာမ် ချုပ်ရတာနဲ့။ တစ်ခါတစ်ရံကျတော့ အဲဒီလို တချို့ ယောဂီတွေ ရှုနေရင်း ရှုနေရင်းနဲ့ ပဉ္စာရုံ ချုပ်ပြီးတော့ မနောဝိညာဏ် သိစိတ်ကလေး ကျန်ပြီးနေတော့ ဟော ရှုစရာရုပ်တွေ မတွေ့တော့ဘူး။ ရုပ် ချုပ်သွားပြီလို့ တချို့က ပြောတယ်။ ဘာပြောလဲ။"

"ရုပ် ချုပ်သွားပြီလို့ပါဘုရား။"

"ရုပ် ချုပ်သွားပြီ။ ရုပ်ချုပ်တော့ ဘာရှုစရာ ကျန်သေးလဲ။ သိစိတ်ကလေးပဲ ကျန်တော့တယ်။ သိစိတ်ကလေးပဲ ကျန်တော့တယ်။ အေး··· စိတ်ဆိုတာသည် အာရုံကင်းပြီး နေတတ်တဲ့သဘော မရှိဘူး။"

"မှန်ပါဘုရား။"

"အဲဒီ အရှုခံအာရုံ ချုပ်သွားပြီ။ တချို့က အဲဒါ ရုပ်ချုပ်တယ် ခေါ်တယ်။ မနောဝိညာဏ် သိစိတ်ကလေးက ဘာ သိရမှန်း မသိတော့ဘူး။

သိစိတ်ကလေး တစ်ခုပဲ ကျန်တော့တယ်။ အဲဒီ သိစိတ်ကလေး သိရင်းနဲ့ စိတ်ဓာလေးက ချတော့ ဘယ်ရောက်သွားလဲ။ ဘဝင်ရောက်သွားတာ။ ဘဝင်လည်း ကျသွားရော ဘာမှ မသိတော့ဘူး။

အဲဒီ ဘဝင်ကျသွားတဲ့ ယောဂီဆိုတာ ဘာမှ မသိတော့

ဘူး။ သင်္ခါရဆိုတဲ့ အပျက်တွေလည်း မမြင်တော့ဘူး။ ဝိပဿနာဆိုတဲ့ ဉာဏ်လည်း မဖြစ်တော့ဘူး။ အဲဒါ ဘဝင်ကျသွားတာပဲ။ တချို့ ဘာမှ မသိတော့ဘူး။ စာတွေနဲ့ ဟောနေရင် ရှည်နေမယ်။ မဂ်ကျတဲ့ ပုဂ္ဂိုလ်က မသိဘူးလား”

“သိပါတယ်ဘုရား။”

“**အဘိသင်္ခါရဝိညာဏဿ**- ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် ချုပ်သွားတာ။ အဘိသင်္ခါရဝိညာဏ် ချုပ်သွားတာလေးကို သိသွားတာ မဂ်စိတ်။ ချုပ်သွားတာ, သိတာ မဂ်စိတ်။

**နိရောဓေန**- ချုပ်တာကို၊ သိတာ။ အဲဒီ အဘိသင်္ခါရဝိညာဏ် ကုသိုလ်၊ အကုသိုလ်စိတ် ချုပ်သွားတာကို သိနေတာ။

အဲဒါကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မဂ်ဆိုတာ မေ့နေတာ မဟုတ်ဘူးတဲ့။ အသိလေး ချုပ်သွားတာ။ ဘာ အသိလဲ။ ‘အဘိသင်္ခါရဝိညာဏ်’ ကုသိုလ်၊ အကုသိုလ် သိစိတ်ကလေး ချုပ်သွားတာ။ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ချုပ်သွားတာ။”

### ဘာမှမသိဘူးဆိုတော့ မဂ်စိတ်ကျနေတာလား

“ယောဂီတို့ အဲဒီတော့ တချို့က ရုပ်ချုပ်သွားပြီ။ စိတ်ကလေးက ဘဝင်လည်း ဆိုက်သွားရော ဘာမှ မသိတော့ဘူး။ ရုပ်ကော ချုပ်၊ နာမ်ကော ချုပ်သွားတာ။ အဲဒါက မဂ်မဟုတ်



ဘူး။ အဲဒါ ဘဝင်စိတ် ဖြစ်သွားပြီ။ ဘဝင်စိတ်ဖြစ်သွားတာနဲ့ အရှုခံ ရုပ်နာမ်သင်္ခါရတွေပေါ်မှာ အသိဉာဏ်လည်း မဖြစ်တော့ဘူး။

ယောဂီတို့ ဒါတွေပေါ်မှာ ကျေနပ်နေရင်၊ ပီတိတွေ ဖြစ်နေရင်၊ နှစ်သက်နေရင် တရားဉာဏ်ဆိုတာ မတက်တော့ပါဘူး။ စဉ်းစားစရာ ကောင်းတယ်။ ဝိပဿနာ အားထုတ်တယ်ဆိုတာ ဉာဏ် ဉာဏ် ဉာဏ် ဉာဏ်အလုပ်။

အဲဒီဖြစ်စဉ်တွေ တက်စဉ်တွေ ဘုန်းကြီးတို့ ကိုယ်တိုင်လည်း ဖြစ်ခဲ့ဖူးတဲ့ နေရာတွေ၊ ရောက်ခဲ့ဖူးတဲ့ နေရာတွေမို့လို့ ဒါတွေကို ခန္ဓာအရှိနဲ့ ပရိယတ်က သိတဲ့အတိုင်း ခန္ဓာအရှိက ဒါ၊ ယောဂီတို့ရဲ့ ပဋိပတ်ဆိုတဲ့ လုပ်ငန်းနဲ့ သိသွားတာက ဒါ။ စိတ်အစဉ်လေးတွေကို ဟောနေတာ၊ ပြောနေတာ ယောဂီတို့ ရှင်းရဲ့လား။”

“ရှင်းပါတယ်ဘုရား။”

“သဘောကော ပေါက်ရဲ့လား။”

“ပေါက်ပါတယ်ဘုရား။”

“ဟိုတစ်နေ့က တပည့်လေးတစ်ယောက်က လာပြောတယ်။ တပည့်တော် အဲဒီမှာ တရားအားထုတ်တာ ရုပ်ကလည်း မရှိတော့ဘူး။ ဘာမှလည်း မသိတော့ဘူး။ သိစိတ်ကလေးပဲ၊ အဲဒီ သိစိတ်ကလေးကလည်း သိရင်းနဲ့ ဘာမှ မသိတော့ဘူး။

အဲဒီတော့ ရုပ်ကော နာမ်ကော ချုပ်သွားတယ်။ ရုပ်ချုပ်တယ်၊ နာမ်ချုပ်တယ် ခေါ်တယ်။ အဲဒါ ဘဝင်ကျသွားတာ။ ဘာမှ မသိတော့ဘူး။ အဲဒါ တရားဉာဏ် ရှေ့တက်ပါဦးမလား”

“မတက်တော့ပါဘုရား။”

“အဲဒီသိစိတ်ကလေးက တိုရှင်း လိုရှင်း ပြောမယ်။ ဘာမှ မသိဘူးဆိုတော့ သူ မဂ်စိတ်ကျနေတာလား။”

“မဟုတ်ပါဘုရား။”

“ဘဝင်ကျသွားတာ၊ ဘဝင်ကျသွားတာနဲ့ တစ်ပြိုင်နက် ယောဂီတို့ အဲဒီမှာ ဘာမှ မသိတော့ ကုသိုလ်စိတ် ဖြစ်သေးလား။”

“မဖြစ်ပါဘုရား။”

“မဖြစ်တော့ဘူးတဲ့၊ သဘောပေါက်ရဲ့လား။”

“ပေါက်ပါတယ်ဘုရား။”

**ငြိမ်းအေးချမ်းသာတဲ့သဘောလေးကို စိတ်ကလေးက ညွတ်လိုက်တာ**

“အေး·· သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် **ကာမဂုဏသုတ်**မှာ ဘာဟောလဲဆိုတော့ အကြင်နိဗ္ဗာန်၌-

မြင်သည့်စိတ် ၊ မြင်သည့်အာရုံ မရှိ။
ကြားသည့်စိတ် ၊ ကြားသည့်အာရုံ မရှိ။
နံသည့်စိတ် ၊ နံသည့်အာရုံ မရှိ။
စားသည့်စိတ် ၊ စားသည့်အာရုံ မရှိ။



ထိသည့်စိတ် ၊ ထိသည့်အာရုံ မရှိ။
တွေးသည့်စိတ် ၊ တွေးသည့်အာရုံ မရှိ။

အဲဒီတော့ အာရုံ (၆)ပါး ချုပ်နေတယ်။ ဟုတ်လား။ နိဗ္ဗာန်ဆိုတာသည် ဘာလဲ။”

“အာရုံ (၆)ပါး ချုပ်နေတာပါဘုရား။”

“အဲဒါ ကာမဂုဏသုတ် သဠာယတနဝဂ္ဂသံယုတ်မှာ ဟောထားတာ။ အဲဒီတော့က အဲဒီ နိဗ္ဗာန်ကိုလည်းပဲ အဘိသင်္ခါရ ဝိညာဏ် ချုပ်တာ။ ကုသိုလ်စိတ် အကုသိုလ်စိတ် ချုပ်တာ မသိဘဲနဲ့ ဘာမှ မသိတော့ဘူးဆိုရင် အဲဒီအာရုံ (၆)ပါးက ကင်း မနေဘူးလား။ ကင်းနေရင် အဲဒီပုဂ္ဂိုလ်သည် ဘဝင်ကျတာ။ ဘဝင်ကျတယ်ဆိုတာ ဘာလဲ။ အိပ်ပျော်တာ၊ အိပ်နေတုန်း ဘာသိတုံး။”

“ဘာမှ မသိပါဘုရား။”

“ယောဂီတို့ ကိုယ့်စိတ် ကိုယ်စစ်ပါ။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ ရှင်းရဲ့လား။”

“ရှင်းပါတယ်ဘုရား။”

“ဒါကြောင့်မို့လို့ ဒီကနေ့ ဟောဒီမှာ ရှုလိုက်တဲ့အခါကျတော့ ယောဂီတို့ရေ·· သဘောပျက် သင်္ခါရဒုက္ခသစ္စာ ဆင်းရဲကြီးကို မြင်တဲ့အခါကျတော့ အဲဒီဆင်းရဲကြီးကို ဆင်းရဲမှန်းဉာဏ်နဲ့ တွေ့တော့ အဲဒီဆင်းရဲကြီးကို မလွတ်လွတ်အောင် ရှု။

ဆင်းရဲကြီးကို ရှန်းကြည့်၊ ထွက်ကြည့်။

အဲဒီအခါကျတော့ ဒီဆင်းရဲကြီးကို မလိုချင်အောင် ရှု။ မုန်းအောင် ရှု။ ဆင်းရဲကို ဆင်းရဲမှန်းသိရင် လွတ်ချင်တဲ့စိတ် မဖြစ်ဘူးလား။"

"ဖြစ်ပါတယ်ဘုရား။"

"အေး.. လွတ်ချင်တဲ့စိတ်ကလေးက လွတ်တဲ့နေရာလေး မရှာဘူးလား။"

"ရှာပါတယ်ဘုရား။"

**"အမတ ဓာတုယာ စိတ္တံ ဥပသံဟရတိ"**

**အမတ ဓာတုယာ**- အမြိုက်နိဗ္ဗာန်သို့၊
**စိတ္တံ** - စိတ်သည်၊
**ဥပသံဟရတိ** - ပူးကပ်၍ ပေးလိုက်၏။

အဲဒီတော့ ဒီစိတ်ဆင်းရဲကို ဆင်းရဲမှန်း သိလာတဲ့အခါကျတော့ သဘောပျက်ကြီး ဆင်းရဲကို မြင်တော့ အဲဒီအပျက်တွေ ဆိတ်သုဉ်းတဲ့သဘော၊ ရုပ်နာမ်တွေ ဆိတ်သုဉ်းတဲ့သဘော၊ ဖြစ်ခြင်းပျက်ခြင်း ဆိတ်သုဉ်းတဲ့သဘောနော်။ အပျက်တွေ ဆိတ်သုဉ်းသွားတဲ့ သဘောဆိုတဲ့ ငြိမ်းအေးတဲ့ ပရမတ်သုညတ သန္တိသုခ ငြိမ်းအေးချမ်းသာတဲ့သဘောလေးကို စိတ်ကလေးက ညွှတ်လိုက်တာ။



ကဲ- ဘာမှ မသိဘူးလို့ ပြောလို့ရသေးလား။ နိဗ္ဗာန်ကို ညွှတ်တဲ့စိတ်လေး ဖြစ်သွားတာ။ မဂ်စိတ်ဖြစ်ပြီး ဖိုလ်ကို ဝင်သွားတာ။ ဖိုလ် စံစားတာပဲ။ ဒါကြောင့် 'မဂ်မသိ ဖိုလ်နဲ့မေး'။ ဒါကြောင့် တချို့က ဘာမှ မသိဘူးဆိုရင် ကိုယ့်ဟာကိုယ် စဉ်းစား။

ငါ ရှုနေတဲ့ ကမ္မဋ္ဌာန်းသည် ရှေ့ကို တရားဘာလို့ မတက်သလဲ။ ဆရာကောင်း ရှာ။ မလိုဘူးလား။"

"လိုပါတယ်ဘုရား။"

### သဘောသုညတ နိဗ္ဗာန်ရ

"အဲဒီတော့ ယောဂီတို့ ဟောဒီအရှုခံဆိုတဲ့ သဘောပျက်ကနေပြီးတော့-

ဖြစ်ပျက်တွေ ဆိတ်သုဉ်းတဲ့၊

ရုပ်နာမ်တွေ ဆိတ်သုဉ်းတဲ့၊

အပျက်သဘောဆိုတဲ့ သင်္ခါရဆိတ်သုဉ်းတဲ့သဘော၊

ငြိမ်းအေးတဲ့ ပရမတ်သုညတ၊

လွန်မြတ်တဲ့ချမ်းသာ၊

သန္တိသုခ ငြိမ်းအေးချမ်းသာတဲ့သဘောလေး။

အဲဒီသဘောလေးကို သဘောနဲ့သွားတော့ မရောက်ဘူးလား။"

"ရောက်ပါတယ်ဘုရား။"

"အေး··ဒါကြောင့်မို့လို့ ဟောဒီမှာ တရားအားထုတ်တဲ့ ဘုန်းကြီးတို့ ယောဂီတွေ၊ ဘုန်းကြီးတို့ရဲ့တပည့် တရားပြ ဆရာ ဦးကေသာဦးက ဟောဒီမှာ သဘောပျက်ကို ရှုခိုင်းတယ်ဆိုတာ က အဲဒီသဘောပျက်ကြီး ဆိတ်သုဉ်းတဲ့နေရာ ဟုတ်လား။ ရုပ် ပျက် နာမ်ပျက်တွေ ဆိတ်သုဉ်းတဲ့နေရာ၊ သန္တိသုခ ငြိမ်းအေးတဲ့ သဘောလေးကို ရဖို့ ရောက်ဖို့၊ တစ်နည်း နိဗ္ဗာန်ကို ရဖို့ ရောက် ဖို့လို့ ဟောဒီမှာ ပေါ်စဲသိ၊ ချုပ်စဲသိ တရားရှုကွက် ပေးတာ။ ယောဂီတို့ ကဲ- ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"သောတာပတ္တိမဂ်စိတ်ဆိုတာက အဘိသင်္ခါရဝိညာဏ် ချုပ်တယ်လို့ သိပါ။ အရှုခံ ရုပ်လည်း မချုပ်ဘူး။ ရှုနေတဲ့စိတ် လည်း မချုပ်ပါဘူး။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား။"

"အရှုခံသခါရ ရုပ်တွေ ချုပ်သွားပြီ။ ရှုနေတဲ့ သိစိတ် တွေ ချုပ်သွားပြီဆိုရင် ငါ ဘာချုပ်တာလဲ။ ကိုယ့်စိတ် ကိုယ် စစ်တော့ သဲအင်းယောဂီ ကိုယ့်စိတ် ကိုယ်စစ်။

ကဲ- ဘုန်းကြီး ဟောတာ အချိန်လည်း တော်တော်ကြာ သွားပြီနဲ့တူတယ်။ ဟုတ်လား။ အဲဒီတော့ ဒီနေ့ တရားလေးကို ဘုန်းကြီး ခေါင်းစီးပေးလိုက်မယ်။



'**သဘောသုညတ နိဗ္ဗာန်ရ**' ဆိုတဲ့ တရားလေးပါပဲ။

'**သဘောသုညတ နိဗ္ဗာန်ရ**' ဆိုတဲ့ တရားခေါင်းစီးလေး ခုမှ ပေးလိုက်တယ်နော်။ ဘာတရားပါလိမ့်။"

"သဘောသုညတ နိဗ္ဗာန်ရ"

"အေး·· အဲဒီတော့ သဘောသုညတ နိဗ္ဗာန်ရ တရား ဒေသနာတော်ကို နာကြားရတဲ့ ဓမ္မသဝနကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလတို့ကို ဆောက်တည်ရသော သီလကုသိုလ်ကံ စေတနာ၊ ဤသို့များများအပ်သော ကုသိုလ်ကံ စေတနာတို့ ကြောင့် တရားဓမ္မ ရှုမှတ်ပွားများ အားထုတ်ကြကုန်သော တရား ချစ်ခင် ယောဂီသူတော်စင်တို့သည် မိမိခန္ဓာအရှိကို ဉာဏ်နဲ့ ကြည့်။ မိမိခန္ဓာအရှိကို ဉာဏ်နဲ့ သိ။ မိမိခန္ဓာအရှိ သဘောပျက် သင်္ခါရဒုက္ခသစ္စာ တရားကြီးကို ဉာဏ်နဲ့ သိပြီးတော့ သဘော ဖြစ်ပျက် သင်္ခါရဆိုတဲ့ သဘောသုညတ၊ ချုပ်ရာငြိမ်းရာဖြစ်တဲ့ ပရမတ်သုညတ၊ သန္တိသုခ ငြိမ်းအေးတဲ့ မြတ်နိဗ္ဗာန်သို့ ကိုယ်စီ ကိုယ်ငှ ရှုမှတ်ပွားများ အားထုတ်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် ပရမတ် သုညတ ငြိမ်းအေးတဲ့ မြတ်နိဗ္ဗာန်သို့ ရနိုင် ရောက် နိုင်ကြပါစေကုန်သတည်း။"

"သာဓု··သာဓု··သာဓုပါဘုရား··"

R Q

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

* ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။
* အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။
* မွေ့လျော်ဖွယ်အားလုံးကို တရား၌မွေ့လျော်ခြင်းက အောင်နိုင်၏။
* ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

စိရံ တိဋ္ဌတု သဒ္ဓမ္မော ၊ ဓမ္မေ ဟောန္တု သဂါရဝါ။

* ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် အဓွန့်ရှည်စွာ တည်ပါစေသတည်း။
* သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။



**"r®eaumifrltvSSf**

2-4-2016 t Bd, jyn f Am&m P o Drdu

u G fv efo m G;a o m

]0 P ö u smfx if Aw f rS u Darmify } t m;

& n pl í

]wp Epfjyn ft x df t rSwf } t jzpf

**ဇနီး-ဒေါ်ခင်ညွန့်မြိုင် နှင့် သားသမီးမြေးများ၏**

"r 'geaumifrl